မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇွန် ၁၇ ရက်၊ စနေနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၅၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Oleg V.Kabonov အား ယနေ့မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ ပေါင်းလောင်းရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Oleg V.Kabonov အား နေပြည်တော်ရှိ ပေါင်းလောင်းရိပ်သာ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တာဝန်မှ အနားယူခွင့်ပြုခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
(အမိန့်အမှတ် ၁၁/၂၀၀၆)
၁၃၆၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်
(၂၀၀၆ ခုနှစ်၊ ဇွန်လ ၁၆ ရက်)

တာဝန်မှအနားယူခွင့်ပြုခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခင်မောင်ဝင်းအား ယနေ့မှစ၍ တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

အမိန့်အရ

(ပုံ) သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

တာဝန်မှ အနားယူခွင့်ပြုခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
(အမိန့်အမှတ် ၁၂/၂၀၀၆)
၁၃၆၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်
(၂၀၀၆ ခုနှစ်၊ ဇွန်လ ၁၆ ရက်)

တာဝန်မှအနားယူခွင့်ပြုခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဒုတိယဝန်ကြီးများအား ယနေ့မှစ၍ တာဝန်မှ အနားယူခွင့်ပြုလိုက်သည်–

(၁) ဦးသိန်းစိန်	ပြန်ကြားရေးဝန်ကြီးဌာန
(၂) ဗိုလ်မှူးချုပ်အောင်သိန်း	ပြန်ကြားရေးဝန်ကြီးဌာန
(၃) ဦးမြင့်သိန်း	သတ္တုတွင်းဝန်ကြီးဌာန
(၄) ဗိုလ်မှူးချုပ်စိုးဝင်းမောင်	ယဉ်ကျေးမှုဝန်ကြီးဌာန
(၅) ဗိုလ်မှူးချုပ်သန်းထွန်း	နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန
(၆) ဗိုလ်မှူးချုပ်သိန်းထွန်း	အမှတ်(၁)စက်မှုဝန်ကြီးဌာန
(၇) ဦးဖေသန်း	ပို့ဆောင်ရေးဝန်ကြီးဌာန

အမိန့်အရ

(ပုံ) သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

တာဝန်မှ အနားယူခွင့်ပြုခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
(အမိန့်အမှတ် ၁၃/၂၀၀၆)
၁၃၆၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်
(၂၀၀၆ ခုနှစ်၊ ဇွန်လ ၁၆ ရက်)

တာဝန်မှအနားယူခွင့်ပြုခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် တရားရုံးချုပ် တရားသူကြီး ဦးခင်မောင်အေးအား ယနေ့မှစ၍ တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

အမိန့်အရ

(ပုံ) သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

နေပြည်တော် မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (ဇွန် ၁၇ ရက်) ၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့ မိုးလေဝသအခြေအနေ

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (ဇွန် ၁၇ ရက်) ၌ နေသာချိန်ရှိပြီး မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဇွန်လ ၁၇ ရက်)

ပြည်သူ့အကျိုးစီးပွား တိုးတက်ဖြစ်ထွန်းစေမည့် လမ်းနှင့်တံတားများ

လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်စေသည်။ ကုန်စည်ကူးသန်းရောင်းဝယ်မှု သွက်လက်မြန်ဆန်စေသည်။

မေလ၂၅ရက်နေ့က တွံတေးတံတားကို ဖွင့်လှစ်ပေးခဲ့သဖြင့် ဧရာဝတီတိုင်းရှိ ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေးမြို့နယ်များမှ ပြည်သူများသည် ဒေးဒရဲတံတားကို ဖြတ်သန်း၍ တွံတေး၊ ကွမ်းခြံကုန်းမှတစ်ဆင့် ရန်ကုန်မြို့သို့ အလွယ်တကူသွားလာနိုင်ကြပြီဖြစ်သည်။

ထို့ပြင် ဧရာဝတီတိုင်းတွင် မူလထွက်ပေါက်တစ်ခုဖြစ်သော မအူပင်–လှိုင်သာယာ–ရန်ကုန် အမှတ်(၅) ပြည်ထောင်စုလမ်းမကြီးနှင့်ပါ တစ်သားတည်း ဆက်စပ်မိသွားပြီ ဖြစ်သည်။

ယင်းကဲ့သို့ ဆက်စပ်မိခြင်းအားဖြင့် ဧရာဝတီတိုင်းရှိ မြို့နယ်များအကြားတွင် ကုန်စည်ကူးသန်းမှု၊ သွားလာမှုပိုမိုလွယ်ကူ အဆင်ပြေသွားမည့်အပြင် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့အကြား ကုန်စည်ကူးသန်းမှုများကိုပါ သိသိသာသာ တိုးတက်ဖြစ်ထွန်းလာစေမည် ဖြစ်သည်။

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ်ရှိ တွံတေးတူးမြောင်းကို ဖြတ်ကျော်တည်ဆောက်ထားသည့် တွံတေးတံတားသစ်သည် ပင်မတံတားအရှည် ပေ၈၄၀ရှိသည့် အပေါ်ထည် သံမဏိကြိုးဆိုင်းတံတား အမျိုးအစားဖြစ်သည်။ အကျယ် ၂၈ပေရှိ နှစ်လမ်းမောင်း ယာဉ်သွားလမ်းပါရှိပြီး တံတား၏ ရေလမ်းကင်းလွတ် အမြင့် ၄၅ပေ၊ ရေလမ်းကင်းလွတ်နယ်အကျယ် ပေ ၇၀၀ရှိကာ တံတားပေါ်သို့ ခွင့်ပြုယာဉ်အလေးချိန် တန် ၆၀ ခံနိုင်ရည်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းအတွင်း တွံတေးတံတားအပါအဝင် တံတားကြီး ၂၆စင်း တည်ဆောက်ဖွင့်လှစ်ပြီးဖြစ်သည်။ ပဲခူးမြစ်ကူးအမှတ်(၂) သန်လျင်တံတား၊ ငမိုးရိပ်ချောင်းကူး (ကမာကြည်)တံတားနှင့် ခရမ်းချောင်းကူး ခရမ်းချောင်းတံတားတို့ကိုလည်း ဆက်လက်တည်ဆောက်လျက်ရှိသည်။

ငွေကြေးအင်အား၊ လူအင်အား၊ စက်ယန္တရားအင်အား၊ အတတ်ပညာစွမ်းအားများဖြင့် လမ်း၊ တံတားပေါင်းများစွာကို နိုင်ငံအနှံ့ ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ ယနေ့အထိ ပေ ၁၈၀အထက် တံတားကြီးပေါင်း၂၁၅စင်း တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။

လမ်းနှင့်တံတားသည် နိုင်ငံ့အင်အားဖြစ်ရာ ဖွင့်လှစ်ပြီးတံတားကြီးများသည် ပြည်သူတို့၏ စီးပွားရေးနှင့် လူနေမှုဘဝကို ပိုမိုတိုးတက်မြင့်မားပြီး အကျိုးစီးပွား ဖြစ်ထွန်းစေလျက်ရှိကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဓာတ်မြေဩဇာအထွက်တိုးရေး နိုင်ငံခြားငွေအကုန်အကျခံဆောင်ရွက်ပေးနေ လျာထားချက်ပြည့်မီအောင်ထုတ်လုပ်နိုင်ရေး ဝန်ထမ်းအားလုံးကြိုးစား

ရန်ကုန် ဇွန် ၁၆

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဇွန်၁၃ရက် နံနက်ပိုင်းက မကွေးတိုင်း အောင်လံမြို့နယ်ရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၃) ဓာတ်မြေဩဇာစက်ရုံ(ကျော်စွာ)သို့ ရောက်ရှိသည်။

ဝန်ကြီးအား စက်ရုံမှူးဦးလှသောင်းက အမှတ်(၃)ဓာတ်မြေဩဇာစက်ရုံ၏ နှစ်ပတ်လည် မွမ်းမံပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး (စီမံရေး) ဦးသောင်းမြင့်က ထုတ်လုပ်မှုနည်းစဉ် အဆင့်ဆင့်နှင့် ဓာတ်မြေဩဇာ တိုးတက်ထုတ်လုပ်သွားမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြရာ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဝန်ကြီးက ဓာတ်မြေဩဇာ အထွက်တိုးရေးအတွက် နိုင်ငံတော်က နိုင်ငံခြားငွေအကုန်အကျခံပြီး မွမ်းမံပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ လျာထားချက်ကို ပြည့်မီအောင် ထုတ်လုပ်နိုင်ရေးအတွက် ဝန်ထမ်းများအားလုံး ကြိုးစား ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း အသေးစိတ်မှာကြားပြီး ဓာတ်မြေဩဇာ အထွက်တိုးရေး ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ချမှတ်ပေးသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် စက်ရုံအတွင်းရှိ အမိုးနီးယားစက်ရုံ Secondary Reformer ပြုပြင်ခြင်းလုပ်ငန်း၊Compressorများပြုပြင်ခြင်းလုပ်ငန်း၊ ယူရီးယားစက်ရုံနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ ပြုပြင်နေမှု လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြင်ဆင်မွမ်းမံမှုလုပ်ငန်းများ အချိန်မီ ပြီးစီးရေး၊ နည်းပညာပိုင်းနှင့် ထုတ်လုပ်မှုနည်းစဉ်အဆင့်ဆင့်ကို မှန်မှန်ကန်ကန် ချောချောမွေ့မွေ့ ဖြစ်စေရေး အထူးဂရုစိုက်ကြရန် မှာကြားသည်။

အမှာစကားပြောကြား

ထို့နောက် ဝန်ကြီးသည် စက်ရုံစုဝေးခန်းမ၌ကျင်းပသော ဝန်ထမ်းများနှင့်တွေ့ဆုံပွဲသို့ တက်ရောက်ပြီး အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၇–၆–၂၀၀၆

(စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇း၁၅	၄။	မျိုးချစ်တပ်မတော်
၇း၂၀	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၅	၁၀။	ဆရာတော် ဦးဃောသိတ တရားတော် **“အင်္ဂုဝစ္ဆသုတ်တရားတော်”**
၉း၁၅	၁၁။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မျိုးချစ်တပ်မတော်
၁၂း၂၀	၄။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၃၀	၅။	ရုပ်မြင်သံကြားဇာတ်လမ်း **“အချစ်ဖူးတဲ့ အချစ်ရူး” (ဒါရိုက်တာ–သရုပ်ဆောင် လွင်မိုး၊ ထက်ထက်မိုးဦး)**
၁၃း၅၀	၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၁၅	၄။	FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ Argentina Vs Serbia Montenegro (Delay)
၆း၀၀	၅။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၆။	နိုင်ငံတကာသတင်း
၆း၂၀	၇။	မိုးလေဝသသတင်း
၆း၂၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅	၉။	အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
၆း၄၀	၁၀။	လျှပ်တစ်ပြက်
၇း၀၀	၁၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“နန်းတွင်းရတနာ”** (အပိုင်း–၅၁)
၈း၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၄။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၅။	FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ Czech Republic Vs Ghana (Live)

၁၈–၆–၂၀၀၆ (နံနက်ပိုင်း)

၀၁း၃၀	၁။	FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ Italy Vs USA (Live)

မိုးကုတ်ဝိပဿနာ ၁၀ရက် တရားစခန်း

ရန်ကုန် ဇွန် ၁၆

မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် မိုးကုတ်ဝိပဿနာဂူကြီးကုန်းကျောင်းတွင် ဝါတွင်း လစဉ်တရားစခန်းပွဲများ ဖွင့်လှစ်မည်ဖြစ်ရာ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဉပနိဿယအတိုင်း ကမ္မဋ္ဌာနာစရိယ အရှင်စိန္တိတာလင်္ကာရနှင့် နိုင်ငံကျော်ဓမ္မကထိကဆရာကြီးဦးစောအောင်တို့က ပဋိစ္စသမုပ္ပါဒ် သင်တန်းနှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဝါဆိုလဆန်း၂ရက်ဇွန် ၂၆ရက် ညနေအရောက် ဓမ္မရိပ်သာသို့ လာရောက်ရမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနှင့် အင်းစိန်ရဲစခန်းမှ တပ်ဖွဲ့ဝင်သားသမီးများအား ၂၀၀၆–၂၀၀၇ပညာသင်နှစ် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲကို ဇွန်၁၀ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး သင်တန်းခန်းမ၌ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးယုနိုင်က မြို့နယ်ရဲတပ်ဖွဲ့မိခင် နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ ဉက္ကဋ္ဌဒေါ်ဖြူဖြူဝင်းသို့ ပညာသင်စရိတ် ငွေကျပ် ၁၁၈၇၅၀ ပေးအပ်စဉ်။ (၀၄၆)

ကျပ် ၁၀၀တန် ထီဖွင့်ပွဲ ဇူလိုင်၁ရက်၌ ကျင်းပမည်

ရန်ကုန် ဇွန် ၁၆

အကြိမ်(၂၁၀)မြောက် ငွေကျပ်၁၀၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ရန်ကုန်မြို့ အောင်ဘာလေသိန်းဆုဌာနခွဲ ထီဖွင့်ပွဲခန်းမဆောင်၌ ဇူလိုင်၁ရက် နံနက်၈နာရီမှ ညနေ၄နာရီအထိ တစ်ရက်တည်းအပြီး ဖွင့်လှစ်မည်ဖြစ်သည်။

ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း၅၀၀တစ်ဆု၊ ငွေကျပ်သိန်း၃၀၀နှစ်ဆု၊ ငွေကျပ်သိန်း၂၀၀ လေးဆု၊ ငွေကျပ်သိန်း၁၀၀ ၃၁ဆု၊ ငွေကျပ်၁၀သိန်း ၄၆၄ဆု၊ ငွေကျပ် ငါးသိန်း ဆု၂၀၊ ငွေကျပ် လေးသိန်း ၂၅ဆု၊ ငွေကျပ်နှစ်သိန်း ၁၈၅ဆု၊ ငွေကျပ်တစ်သိန်း ဆု၁၄၄၀၊ ငွေကျပ် ၈သောင်း ၆၃ဆု၊ ငွေကျပ်လေးသောင်း ဆု၁၀၀၊ ငွေကျပ်နှစ်သောင်း ၁၄၉၃၄ဆု စုစုပေါင်း၁၇၂၆၉ဆု ဖြစ်သည်။

လက်ခံဆောင်ရွက်ပေးမည်

ယခု(၂၁၀)ကြိမ်မြောက် ငွေကျပ်၁၀၀တန် ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို ဇူလိုင်၇ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ဆုငွေကျပ်ငါးသိန်းနှင့် အောက် ဆုငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးများ၌ လျှောက်ထားတင်ပြပြီး လာရောက်ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေါင်းလောင်းရိပ်သာ၌ လက်ခံတွေ့ဆုံ

ဇွန် ၁၆ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr.Oleg V.Kabonov အား နေပြည်တော်ရှိ ပေါင်းလောင်းရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်း–ရှေ့ဖုံး)

(သတင်းစဉ်)

● *ကျောဖုံးမှ*

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မန်းချောင်းအောက်စက်တော်ရာသို့ သွားရောက်၍ အုတ်အင်္ဂတေ မြေထိန်းနံရံများ ကာရံထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြေထိန်းနံရံများတွင် လိုအပ်သည်များကို ပြုပြင်ရေးအတွက် တာဝန်ရှိသူများအား မှာကြားသည်။

မုန်းချောင်းတံတား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပုသိမ်–မုံရွာလမ်း၏ ပွင့်ဖြူမြို့နယ်ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းအထူးအဖွဲ့(၃)က တာဝန်ယူတည်ဆောက်နေသော မုန်းချောင်းတံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် လုပ်ငန်းခွင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

အဆိုပါတံတားသည် ပင်မတံတား အရှည်ပေ ၄၀၀၊ ချဉ်းကပ်တံတား အရှည်ပေ ၅၄၀ စုစုပေါင်း ပေ ၉၄၀ ရှိပြီး တံတားအကျယ်မှာ ပင်မတံတား ၁၄ ပေခြောက်လက်မ၊ ချဉ်းကပ်တံတားပေ ၂၀၊ သံမဏိသံပေါင်ကြိုးတံတားဖြစ်သည်။ တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်ကြောင်း သိရသည်။

ကြီးအုံ–ကြီးဝရေလှောင်တမံ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပွင့်ဖြူမြို့နယ် ဝန်လိုကျေးရွာအနီး မုန်းချောင်းပေါ်၌ တည်ဆောက်လျက်ရှိသည့် ကြီးအုံ–ကြီးဝရေလှောင်တမံဘက်စုံစီမံကိန်းသို့ သွားရောက်ပြီး စက်ယန္တရားများဖြင့် ပင်မတမံ မြေဖို့နေမှုနှင့် ရေပိုလွှဲလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ ရေလှောင်တမံသည် ဇုန်တမံအမျိုးအစားဖြစ်ပြီး တမံအမြင့်မှာ ၁၆၄ ပေ၊ အလျားမှာ ပေ ၃၂၈၀ ရှိ၍ ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၄၆၃၀၀၀ ဖြစ်သည်။ နှစ်စဉ် ထုတ်လုပ်မည့် လျှပ်စစ်စွမ်းအားပမာဏမှာ နာရီသန်းပေါင်း ကီလိုဝပ် ၃၃၀ ဖြစ်ပြီး ဆည်ရေပေးနိုင်မည့် ဧရိယာမှာ ၉၆၇၇၇ ဧကဖြစ်ကြောင်း သိရသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မင်းဘူး–ပဒါန်း–အမ်း ကားလမ်း၏ မိုင်တိုင်အမှတ် ၅/၃ ၌ စိုက်ပျိုးထားသည့် မင်းဘူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခြစည်းရိုးကြက်ဆူပင် ငါးဧက စိုက်ပျိုးကွင်းသို့လည်းကောင်း၊ မိုင်တိုင်အမှတ် ၂/၀ ရှိ ခရိုင်သစ်တောဦးစီးဌာန၏ ခြံစည်းရိုး ကြက်ဆူပင် ငါးဧက စိုက်ခင်းသို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မကွေးတိုင်း အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုချုပ် လီမိတက်၏ တန်၃၀ကျ ဆီစက်သို့ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တန် ၃၀ ကျ ဆီစက်အတွင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြား၍ မကွေးမြို့၌ ညအိပ်ရပ်နားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ရွှေသင်္ကန်းကပ်လှူရန်အတွက် အမှတ် ၁၅၅၁ ရဲဌာနလမ်း ရွှေလက်လှရပ် ပြည်မြို့နေ ဒုရဲမှူး အေးထွန်းကျော်–ဒေါ်သီသီမွန်၊ ဒေါ်ခိုင်မိမိထွန်း၊ ဒေါ်နေခြည်ဝင်း မိသားစုက အလှူတော်ငွေ ကျပ်၅၀၀၀၀ ကို ဂေါပကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဦးကျော်မင်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးတို့ထံ အလှူငွေပေးအပ်စဉ်။ (က–ပ)

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး မျက်စိကုလေဆာစက်အတွက်ငွေလှူဒါန်း

ရန်ကုန် ဇွန် ၁၆

ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မျက်စိဝေဒနာရှင် သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များ မျက်စိရောဂါကုသရာတွင် ပိုမိုထိရောက်စေရေးအတွက် မျက်စိကုလေဆာစက် ဝယ်ယူတပ်ဆင်ရန် စီစဉ်လျက်ရှိသည်။

အဆိုပါစက်အတွက် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး မျက်စိကုဌာနမှ မျက်စိအထူးကု စေတနာဆရာဝန်ကြီး ဒေါက်တာဦးလှမြင့်က မတည်အလှူငွေကျပ်နှစ်ဆယ့်ငါးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင်နှင့် အတွင်းရေးမှူး ဦးမောင်မောင်တို့ လက်ခံယူကြသည်။ **(အောက်ပုံ)**

အဆိုပါစက်အတွက် ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၃၆၈ ခုနှစ်၊
နယုန်လပြည့်ကျော်(၇)ရက် (အဖိတ်နေ့)
၁၇–၆–၂၀၀၆ ရက် (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီးနိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး

၇:၅၅ ၅။ အတီးပြိုင်ပွဲ

၈:၀၅ ၆။ ဂမုန်းရေလှောင်တမံ

၈:၂၀ ၇။ အဆိုပြိုင်ပွဲ

၈:၃၀ ၈။ International News

၈:၄၅ ၉။ Grammar made Easy

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး

၁၁:၁၅ ၂။ တေးဂီတအစီအစဉ်

၁၁:၃၀ ၃။ ပြည်တွင်းသတင်း

၁၁:၄၅ ၄။ ချစ်စရာအရွယ် ကစားကြမယ်

၁၂:၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်

၁၂:၂၀ ၆။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "Doraemon"

၁၂:၃၅ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဆည်းဆာ"**(အပိုင်း–၃)

၁၃:၁၀ ၈။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ

၁၃:၂၀ ၉။ **"ကျေးဇူးတင်ပါတယ် ဒီအိုတီအက်စ်"** လွင်မိုး၊ ထွန်းထွန်းဝင်း၊ အိန္ဒြာကျော်ဇင်၊ ခင်သန်းနွယ် (ဒါရိုက်တာ–စိုးကျော်ဆန်း)

၁၃:၄၀ ၁၀။ အဆိုပြိုင်ပွဲ

၁၃:၅၀ ၁၁။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၁၄:၀၅ ၁၂။ ဆင်ဖြူရှင်တံတား

၁၄:၁၀ ၁၃။ အတီးပြိုင်ပွဲ

၁၄:၂၀ ၁၄။ **"အန္တရာယ်ဆိုတာ လက်တစ်ကမ်းမှာ"** စိုးသူ၊ နန်းကလျာလှိုင် (ဒါရိုက်တာ– စောစန္ဒာလှိုင်)

၁၄:၃၀ ၁၅။ ပေါင်းလောင်းရေလှောင်တမံနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ

၁၄:၄၅ ၁၆။ International News

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၁၆:၃၀ ၃။ English for Everyday Use

၁၆:၄၀ ၄။ တေးဂီတအစီအစဉ်

၁၆:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (သတ္တဗေဒအထူးပြု) [သတ္တဗေဒ]

၁၇:၀၅ ၆။ တေးဂီတအစီအစဉ်

၁၇:၂၀ ၇။ အတီးပြိုင်ပွဲ

၁၇:၃၅ ၈။ ချစ်စရာအရွယ် ကစားကြမယ်

၁၈:၀၀ ၉။ ညနေခင်းသတင်း

၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ

၁၈:၃၅ ၁၁။ Discovery

၁၈:၅၀ ၁၂။ စိုက်ကြများများ နွေစပါးဝမ်းစာဖြိုးဝေသိန်းနီမြေ (အပိုင်း–၂)

၁၉:၀၀ ၁၃။ ဖွံ့ဖြိုးတိုးတက်ဝေဆာ ပဲခူးတိုင်းအရှေ့မှာ

၁၉:၁၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဖြူစင်မေတ္တာ"** (အပိုင်း–၅)

၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း

၁၆။ နိုင်ငံတကာသတင်းများ

၁၇။ မိုးလေဝသအခြေအနေ

၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မိပြီဆိုရင်"** (အပိုင်း–၅၃)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇–၆–၂၀၀၆
(စနေနေ့)

၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်

၇:၀၅ ထင်ရှားတည်ရှိ–မြင်းမထိ

၇:၂၀ ပြည်တွင်းသတင်းအကျဉ်း

၇:၃၀ Music Talk (ဆုရည်)

၈:၀၅ နိုင်ငံတကာသတင်းအကျဉ်း

၈:၁၀ ပေါင်းတည်မြို့မှ ဘိုးဘွားရိပ်သာ

၈:၁၅ မိုးလေဝသခန့်မှန်းချက်

၈:၂၀ ရော်ဘာစိုက်ပျိုးပြည်အကျိုးဆတိုးဆောင်ရွက်စီးပွားတက်

၈:၃၀ တေးဂီတအစီအစဉ်

၈:၃၅ နိုင်ငံတကာအနုပညာရေးရာ (ဇင်အောင်အောင်၊ စုမြတ်မွန်)

၉:၁၀ ပြည်တွင်းသတင်းအကျဉ်း

၉:၂၀ တေးဂီတအစီအစဉ်

၉:၂၅ ဂုဏ်ယူစရာလက်မှုအတတ်ပညာ

၉:၃၅ တေးဂီတအစီအစဉ်

၉:၄၀ လှပခံ့ညားရောင်စုံအမိုးပြား

၉:၅၀ တေးဂီတအစီအစဉ်

၉:၅၅ Star Album(1)(Examplez)

၁၀:၃၅ နိုင်ငံတကာသတင်းအကျဉ်း

၁၀:၄၀ တေးဂီတအစီအစဉ်

၁၀:၄၅ အောင်မြင်ကျော်ကြား စီးပွားရေးစွမ်းဆောင်ရှင်များ (KSS ဦးထွန်းမြင့်)

၁၁:၀၀ ဂတ်စ်မီးဖိုနှင့် ဖြစ်တတ်သောအန္တရာယ်များ

၁၁:၀၅ တေးဂီတအစီအစဉ်

၁၁:၁၀ မိကျောင်းမျိုးဆက်မပြုန်းတီးရေးထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေး

၁၁:၃၀ တေးဂီတအစီအစဉ်

၁၁:၃၅ ယနေ့သိပ္ပံနှင့်နည်းပညာ

၁၁:၄၅ တေးဂီတအစီအစဉ်

၁၁:၅၀ ကွင်းမြေနမူနာ ထုတ်ယူခြင်းမှ ရရှိသော မြေနမူနာများအား ဓာတ်ခွဲစမ်းသပ်ခြင်း

၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

၂၀၀၆ခုနှစ် ဇူလိုင်လ (၃) ရက် မြန်မာအမျိုးသမီးများနေ့

သမိုင်းစဉ်ဆက် ထက်မြက်ရှင်သန် ဇာတိမာန် နိုင်ငံအင်အား မြန်မာအမျိုးသမီးများ

ရုရှားနိုင်ငံလုပ် ဂျက်တိုက်လေယာဉ်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရုရှားလုပ် ဂျက်တိုက်လေယာဉ်များ ဗင်နီဇွဲလားဝယ်ယူမည်

ကရာကတ် ဇွန် ၁၆

ဗင်နီဇွဲလားနိုင်ငံ၏ ကာကွယ်ရေးအင်အား တောင့်တင်းရန်အတွက် ရုရှားလုပ် ဆူခွိုင်းဂျက်တိုက်လေယာဉ် (အပေါ်ပုံ) **၂၄ စင်းကို ဝယ်ယူဖြည့်တင်းသွားမည်ဖြစ်ကြောင်း ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က ဇွန် ၁၄ရက်၌ ပြောကြား လိုက်သည်။**

ဝါရှင်တန်နှင့် ထိပ်တိုက်ဆန့်ကျင်သူ ချာဗက်ဇ်က ရုရှားလုပ် သယ်ယူပို့ဆောင်ရေးလေယာဉ်နှင့် စစ်လက်နက်ရိုင်ဖယ်တစ်သိန်းကိုလည်း ဗင်နီဇွဲလားစစ်ဘက်ခေတ်မီစေရေးအတွက် ဝယ်ယူသွားရန် ရုရှားနိုင်ငံနှင့် စီစဉ်ဆောင်ရွက်ထားသည်။

ရုရှားလုပ်ဆူခွိုင်းဂျက်လေယာဉ် ၂၄စင်းကို ဝယ်ယူရန် စီစဉ်နေကြောင်း ချာဗက်ဇ်ကပြောကြားသည်။ ဗင်နီဇွဲလားနိုင်ငံတွင် ယခင်အသုံးပြုခဲ့သော အမေရိကန်လုပ် အက်ဖ် ၁၆ တိုက်လေယာဉ်များ နေရာတွင် ရုရှားလုပ်လေယာဉ်များဖြင့် အစားထိုးမည်ဖြစ်သည်။

ရုရှားလုပ်ရိုင်ဖယ် သေနတ်များကို ပထမဆုံးအကြိမ်၌ အရေအတွက် သုံးသောင်းလက်ခံရရှိခဲ့ပြီးဖြစ်သည်။ ဗင်နီဇွဲလားသည် အမေရိကန်၏ ရန်သူနိုင်ငံများဖြစ်သော အီရန်နှင့် ကျူးဘားနိုင်ငံများနှင့် ဆက်ဆံရေး ကောင်းမွန်အောင် ကြိုးစားထားသည်။

အမ်အင်အေ၊ရိုက်တာ

အကြမ်းဖက်မှု တိုက်ဖျက်ရေးအေဂျင်စီ အင်ဒိုနီးရှားအစိုးရ ထူထောင်မည်

ဂျကာတာ ဇွန် ၁၆

အင်ဒိုနီးရှားအစိုးရသည် အကြမ်းဖက်သမားများအား တိုက်ဖျက်ချေမှုန်းရာတွင် ညှိနှိုင်းဆောင်ရွက်ရာ၌ ထိရောက်မှုတိုးတက်စေရန်အတွက် အကြမ်းဖက်မှု တိုက်ဖျက်ရေး စီမံခန့်ခွဲမည့် အေဂျင်စီကို ထူထောင်သွားမည်ဖြစ်ကြောင်း အထက်တန်းအရာရှိတစ်ဦးက ပြောကြားသည်။

အကြမ်းဖက်မှုသည် တစ်ဦးတစ်ယောက်တည်းဖြင့် ချဉ်းကပ် ကိုင်တွယ် မဖြေရှင်းနိုင်ကြောင်း၊ ကျယ်ကျယ်ပြန့်ပြန့် ချဉ်းကပ်ဖြေရှင်းရမည်ဖြစ်ကြောင်း မူဝါဒနှင့် လုံခြုံရေးရာ ညှိနှိုင်းဆောင်ရွက်ရေးဝန်ကြီး ဝီဒိုဒိုအေအက်စ်၏ ပြောကြားချက်ကို ကိုးကား၍ အင်တာရာသတင်းဌာနက ဇွန် ၁၄ရက်တွင် ပြောကြားသည်။

ပြောကြား

အင်ဒိုနီးရှားသည် ကျယ်ပြန့်စွာ ဆက်စပ်ရာတစ်နံတစ်လျားတွင် အမှန်တကယ် လှုပ်ရှားခြိမ်းခြောက်မှုများဖြင့် အကြမ်းဖက်မှုကို ကြုံတွေ့နေရကြောင်း အင်ဒိုနီးရှားကို ရည်ရွယ်တိုက်ခိုက်နေခြင်းသာမက အပြစ်မဲ့သူများကိုလည်း တိုက်ခိုက်လျက်ရှိကြောင်း ကာကွယ်ရေးနှင့်နိုင်ငံခြားရေးရာကော်မရှင်တွင် ဝန်ကြီးက ပြောကြားသည်။

အကျိုးသက်ရောက်

အကြမ်းဖက်သမားများ၏ လုပ်ဆောင်မှုကြောင့် လူအများသေဆုံးရခြင်း၊ ပြည်သူ့အိုးအိမ်စည်းစိမ်များ ပျက်စီးရခြင်း၊ လုံခြုံရေး အနှောင့်အယှက်ဖြစ်ခြင်းနှင့် စီးပွားရေး ကြီးထွားမှုကို ပိတ်ပင်တားဆီးရာ ရောက်ခြင်းများ အပါအဝင် များစွာသော အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း မစ္စတာဝီဒိုဒိုက ပြောကြားသည်။

ထည့်သွင်း

ထို့ကြောင့် အစိုးရသည် ၂၀၀၄-၂၀၀၉ကာလ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရေးကဏ္ဍတွင် အကြမ်းဖက်မှုကို မြှင့်တင် တိုက်ဖျက်ချေမှုန်းရေး ကဏ္ဍတစ်ရပ်ကို ထည့်သွင်းထားခြင်းဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အာဖဂန်နစ္စတန်တွင် တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

ကဘူးလ် ဇွန် ၁၆

အာဖဂန်နစ္စတန်နိုင်ငံတွင် ၂၀၀၁ ခုနှစ်က တာလီဗန်အစိုးရအား ဖြုတ်ချပြီးနောက်ပိုင်း ယခုဖြစ်ပွားခဲ့သော နောက်ဆုံးတိုက်ပွဲတွင် နိုင်ငံခြားသား တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးခဲ့သည်ဟု စစ်ဘက်ဆိုင်ရာ အရာရှိတစ်ဦးက ဇွန် ၁၄ရက်တွင် ပြောကြားလိုက်သည်။

ဟာမတ်ပြည်နယ် တောင်ပိုင်းတွင် ဇွန် ၁၃ရက်က အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးခဲ့သည်ဟု အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းရှိ နိုင်ငံတကာတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကွင်တင်အင်းနစ်က ပြောကြားလိုက်သည်။

ကာတာပြည်နယ် အရှေ့ဘက်ပိုင်းတွင်လည်း ဇွန် ၁၃ရက်က အခြားတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့သည်။ သို့သော် ယင်းတပ်ဖွဲ့ဝင်သည် မည်သည့်နိုင်ငံသား ဖြစ်သည်ကို အမေရိကန်စစ်တပ်မှ အတည်ပြု ပြောကြားခြင်း မရှိသေးပေ။

ယခုနှစ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံအတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် နိုင်ငံခြားသားတပ်ဖွဲ့ဝင် ၄၀ သေဆုံးခဲ့ပြီး ၎င်းတို့ထဲမှ တပ်ဖွဲ့ဝင် ၃၀မှာ အမေရိကန်တပ်ဖွဲ့ဝင်များ ဖြစ်ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်-အာဆီယံ ကုန်သွယ်မှုတန်ဖိုး ၁၅ နှစ်အတွင်း နှစ်စဉ် ၂၀ ရာခိုင်နှုန်း တိုးတက်ခဲ့

နန်နင်း ဇွန် ၁၆

တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား ကုန်သွယ်မှုတန်ဖိုးသည် လွန်ခဲ့သည့် ၁၅နှစ်အတွင်း နှစ်စဉ် ၂၀ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ကျင်းပလျက်ရှိသည့် တတိယအကြိမ် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ ထိပ်သီးများ တွေ့ဆုံဆွေးနွေးပွဲ၏ သတင်းတစ်ရပ်တွင် ဖော်ပြပါရှိသည်။

တရုတ်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ကုန်သွယ်မှုတန်ဖိုး လျင်မြန်စွာ တိုးတက်ကောင်းမွန်လာသည်မှာ လွန်ခဲ့သည့် ၁၅ နှစ်အတွင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၌ ကြီးမားသည့် အောင်မြင်မှုများ ရရှိခဲ့ကြောင်း ကုန်သွယ်ရေး ဝန်ကြီးဌာနဆိုင်ရာ အာဆီယံဌာန ဒုတိယညွှန်ကြားရေးမှူး ဝူကျန်ပင်က ပြောကြားသည်။

တိုးတက်

၂၀၀၅ ခုနှစ်တွင် တရုတ်နှင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၃၀ဒသမ ၃ဘီလီယံအထိ ရှိခဲ့ပြီး နှစ်အလိုက်၂၃ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

ကြီးထွား

၂၀၀၆ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၄၇ ဘီလီယံအထိရှိပြီး နှစ်အလိုက်အားဖြင့် ၂၂ ရာခိုင်နှုန်း ကြီးထွားခဲ့သည်။

အကြီးဆုံး

အာဆီယံ (အရှေ့တောင်အာရှနိုင်ငံများအသင်း)သည် လွန်ခဲ့သည့်နှစ်က အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂနှင့် ဂျပန်ပြီးလျှင် အာဆီယံသည် တရုတ်နိုင်ငံ၏ စတုတ္ထမြောက်အကြီးဆုံး ကုန်သွယ်ဖက် နိုင်ငံဖြစ်လာသည်။

အမ်အင်အေ၊ဆင်ဟွာ

အင်ဒိုနီးရှားနိုင်ငံတွင် ငလျင်လှုပ်

အာချေး ဇွန် ၁၆

အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်တွင် ဇွန် ၁၄ရက် ဗုဒ္ဓဟူးနေ့ နံနက် ၇နာရီ ၁၄မိနစ်က ရစ်ချ်တာစကေး ၅ဒသမ ၁ရှိ ငလျင်တစ်ခု လှုပ်သွားခဲ့သည်။ သို့သော် သေဆုံးမှုနှင့် ပျက်စီးဆုံးရှုံးမှုသတင်းကို ချက်ချင်းအစီရင်ခံခြင်း မရှိသေးကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

ကိုးကား

ယင်းငလျင်သည် ဘန်ဒါအာချေးပြည်နယ်မြို့တော် အနောက်မြောက် ၇၆ဒသမ ၀၄ကီလိုမီတာအကွာ မြေပြင်အောက် ၃၁ ကီလိုမီတာကို ဗဟိုပြုလှုပ်ခတ်ခြင်း ဖြစ်သည်ဟု မိုးလေဝသဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဟာဗန်နာ၏ ပြောကြားချက်ကို အင်တာရာသတင်းဌာနက ကိုးကားဖော်ပြသည်။

သေဆုံးခဲ့

အာချေးပြည်နယ်သည် လွန်ခဲ့သော ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်က ရစ်ချ်တာစကေး ၈ဒသမ ၉အဆင့်ရှိ ငလျင်ကြောင့် ဆူနာမီငလျင် ရေလှိုင်းဒဏ်ကို ခံစားရပြီး လူတစ်သိန်းခြောက်သောင်းကျော် သေဆုံးခဲ့ကာ လူထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်သွားခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အကြီးဆုံး ဝက်အူချောင်း

ကမ္ဘာ့အကြီးဆုံး ဝက်အူချောင်းတစ်ခုကို တွေ့ရစဉ်။ (ယာပုံ)

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်တုံပြည်နယ် ကျိုကျင်းမြို့တွင် အရှည်နှစ်မီတာရှိပြီး အလေးချိန် ကီလိုဂရမ် ၉၀လေးသော ဝက်အူချောင်းကြီး တစ်ခုကို ပြုလုပ်ခဲ့ကြသည်။ ၎င်းဝက်အူချောင်းကြီးကို ကမ္ဘာပေါ်တွင် အကြီးဆုံး ဝက်အူချောင်းကြီးအဖြစ် ဂင်းနက်စ်မှတ်တမ်းတွင် ဖော်ပြခြင်းခံရရန် ကြိုးစားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ဒေါ်လာခြောက်သောင်းတန် သိပ္ပံစာအုပ်တွဲ

ဒေါ်လာခြောက်သောင်းတန်သော စာအုပ်တွဲတစ်ခုကို တွေ့ရစဉ်။ (ဝဲပုံ)

ပညာရှင် အယ်ဘတ်အိုင်းစတိုင်း၏ သိပ္ပံသဘောတားဆိုင်ရာ တွေ့ရှိချက်များကို ရေးသားထားသည့် စာအုပ်များဖြစ်ပြီး ၁၉၀၁-၁၉၂၈ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့်စာအုပ်များ ဖြစ်သည်။ ၎င်းစာအုပ်ကို နယူးယောက်မြို့တွင် လေလံတင်ရောင်းချမည်ဖြစ်ရာ အမေရိကန်ဒေါ်လာ လေးသောင်းမှ ခြောက်သောင်းအထိ ရရှိနိုင်ကြောင်း ခန့်မှန်းထားသည်။

(အင်တာနက်)

ကြက်ငှက်တုပ်ကွေး ကာကွယ်ဆေးသစ်သုံးမျိုး တရုတ်၌အောင်မြင်စွာ စမ်းသပ်ထုတ်လုပ်

ပေကျင်း ဇွန် ၁၆

တရုတ်နိုင်ငံသည် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ဆေးအသစ်သုံးမျိုးနှင့် ရောဂါရှာဖွေရေး နည်းပညာအသစ်ကို အောင်မြင်စွာ စမ်းသပ်ထုတ်လုပ် နိုင်ခဲ့ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာန၏ ဇွန် ၁၄ ရက်က ထုတ်ပြန်သောသတင်းတွင် ဖော်ပြထားသည်။

ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုကို တရုတ်နိုင်ငံမှ ထိရောက်စွာ ထိန်းချုပ်နိုင်ရန်အတွက် ယခု ဖော်ထုတ်လိုက်သော ဆေးဝါးများကို အသုံးပြုခြင်းသည် အပြည့်အဝ နည်းပညာ အာမခံချက်ကို ပေးစွမ်းနိုင်ကြောင်း ၎င်းဝန်ကြီးဌာနက ပြောကြားသည်။

ထိရောက်မှုရှိ

ယခုစမ်းသပ်တွေ့ရှိရသော ဆေးဝါးသစ်များကို ထုတ်လုပ်ခြင်း မရှိသေးသော်လည်း ကြက်ငှက်တုပ်ကွေး ကူးစက်ရောဂါကို တားဆီးကာကွယ်ခြင်းနှင့် ထိန်းချုပ်မှုများတွင် အလွန်ထိရောက်မှုရှိပုံကို သက်သေပြနိုင်ခဲ့သည်ဟု အမျိုးသားကြက် ငှက်တုပ်ကွေးရောဂါရည်ညွှန်းဓာတ်ခွဲခန်းမှူးပါမောက္ခ ချင်ဟွာလန်းက ပြောကြားသည်။

အရေးပါ

ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ် H_5ဖော်ထုတ်ရန်အတွက် လျင် မြန်စွာ ရောဂါရှာဖွေခြင်း စမ်းသပ်မှု အသစ်များ ဖွံ့ဖြိုးလာခြင်းသည် ၁၀ မိနစ်အတွင်း၌ ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်H_5၏ ပုံစံခွဲကို ထုတ်ဖော်နိုင်မည်ဖြစ်ကြောင်း ယင်းထုတ်ဖော်နိုင်မှုသည် တရုတ်နိုင်ငံတွင် ယင်းရောဂါကို လျင်မြန်စွာ ထိန်းချုပ်နိုင်ရန်အတွက် အရေးပါသော အချက်ဖြစ်ကြောင်း ၎င်းဝန်ကြီးဌာနက ပြောကြားသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

တရုတ်လုပ်လေယာဉ် ၁၅စင်း အင်ဒိုနီးရှားဝယ်ယူမည်

ပေကျင်း ဇွန် ၁၆

အင်ဒိုနီးရှားနိုင်ငံ၏ ဒုတိယအကြီးဆုံးလေကြောင်းလိုင်းက တရုတ်နိုင်ငံမှထုတ်သော စင်ကျိ ၆၀ လေယာဉ်အမျိုးအစား ၁၅ စင်းဝယ်ယူရန် မှာယူထားကြောင်း၊ ယင်းမှ တရုတ်နိုင်ငံက ထိုင်ခုံ ၅၀ပါ အဆိုပါ လေယာဉ် အမျိုးအစား အမှာစာရရှိမှုမှာ အများဆုံးဖြစ်ကြောင်း သိရသည်။

အဆိုပါ လေယာဉ်များကို တရုတ်လေကြောင်းစက်မှုကော်ပိုရေးရှင်း(၁)မှ ထုတ်လုပ်ခြင်းဖြစ်ပြီး အင်ဒိုနီးရှားလေကြောင်း လိုင်းမာပါတီချူဆန်တိုရာနှင့် စာချုပ်ရန် သဘောတူညီထားသည်ဟု တရုတ်လေကြောင်း ကော်ပိုရေးရှင်းက ပြောကြားသည်။

ပြောကြား

ယင်းစာချုပ်အရ ပထမဆုံးလေယာဉ်ကို စက်တင်ဘာလတွင် အရောက်ပို့ပေးပြီး ကျန်လေယာဉ်များကို ၂၀၀၇ခုနှစ်အကုန်တွင် ပို့ပေးမည်ဖြစ်ကြောင်း တရုတ်လေကြောင်းမှ ဒုတိယအထွေထွေမန်နေဂျာ ဟူဝမ်မင်းက ပြောကြားသည်။

ဝယ်ယူ

တရုတ်နိုင်ငံမှ အဆိုပါ လေယာဉ် အမျိုးအစားကို ဇင်ဘာဘွေနိုင်ငံက ပြီးခဲ့သော နိုဝင်ဘာလက ပထမဆုံးအကြိမ်အဖြစ် လေယာဉ်သုံးစင်းဝယ်ယူသွားရာ ယခုနှစ်အကုန်တွင် အားလုံးအရောက် ပို့ပေးမည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် စက်ရုပ်ဆွဲသော လန်ချားကို မောင်းနှင်လာသူတစ်ဦးအား ဇွန် ၁၃ ရက်က တွေ့ရစဉ်။ (ယင်းစက်ရုပ်လန်ချားသည် လျှပ်စစ်ဓာတ်အား သိုမှီးထားပြီး ရစ်ကီလိုမီတာ ခရီးရှည်ကို ၆ နာရီဖြင့် ရောက်ရှိနိုင်သည်။) (ဓာတ်ပုံ–အင်တာနက်)

ဗျူကလီးယားပြဿနာ ညှိနှိုင်းဆွေးနွေးရန် အီရန်အား တရုတ်တိုက်တွန်း

ပေကျင်း ဇွန် ၁၅

အီရန်၏ ဗျူကလီးယားအစီအစဉ်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုကို ဖြေရှင်းရန် ထပ်မံညှိနှိုင်းဆွေးနွေးရန် တရုတ်နိုင်ငံက ဇွန်၁၃ရက်တွင် တိုက်တွန်းလိုက်ပြီး အီရန်အစိုးရအား အင်အားကြီးနိုင်ငံများက ကမ်းလှမ်းချက်အပေါ် မျှော်လင့်ချက်ရှိသည်ဟု ရှုမြင်ကြောင်း ပြောကြားလိုက်သည်။

အီရန်သမ္မတ မာမွတ်အာမက်နီဂျက်ဒ် ရှန်ဟိုင်းမြို့သို့ မရောက်မီ တစ်ရက်အလိုတွင် တရုတ်နိုင်ငံက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

များပြား

အီရန်အနေဖြင့် ယူရေနီယံ သန့်စင်မှုကို စွန့်လွှတ်ရန်တိုက်တွန်းရန် ရည်ရွယ်လျက် တရုတ်အပါအဝင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံနှင့်ဂျာမနီနိုင်ငံတို့က အီရန်အားကမ်းလှမ်းထားခြင်းကို အီရန်က တုံ့ပြန်ရန်ဖိအားပေးမှုများ ပိုမိုများပြားလာသည်။

ယုံကြည်

အီရန်နိုင်ငံက ဗျူကလီးယား လက်နက် ထုတ်လုပ်ရေးအတွက် သုတေသန ပြုလုပ်နေခြင်းဖြစ်သည်ဟု အနောက်အုပ်စုက ယုံကြည်ယူဆနေသည်။ **အမ်အင်အေ၊ ရိုက်တာ**

ရှန်ဟိုင်းသို့ အီရန်သမ္မတ မာမွတ်အာမက်နီဂျက်ဒ် အလည်အပတ် ရောက်ရှိလာစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အမေရိကန်လူမျိုး ၂၁ သန်း ဆီးချိုရောဂါဖြစ်နေ သုံးပုံတစ်ပုံက ရောဂါရှိနေကြောင်း မသိကြ

ဝါရှင်တန် ဇွန် ၁၅

အမေရိကန်လူမျိုး ၂၁ သန်းနီးပါးသည် ဆီးချိုရောဂါရှိနေကြပြီး ၎င်းတို့အနက် အများစုသည် ဆီးချိုရောဂါ (ပုံစံ–၂)ရှိနေကြသည်။ သို့သော် အဆိုပါလူများအနက် သုံးပုံတစ်ပုံသည် ယင်းရောဂါရှိနေသည်ကို မသိရှိကြကြောင်း လွန်ခဲ့သည့်လက စစ်တမ်းကောက်ယူခဲ့သည့် အမျိုးသားကျန်းမာရေးသိပ္ပံဌာနက ဖော်ပြခဲ့သည်။

သကြားဓာတ် ပါဝင်သောသွေးကို ထိန်းချုပ်မှု အားနည်းပါက လူအများသိထားသည်ထက် ကျန်းမာရေးဆိုင်ရာပြဿနာများ ပိုမိုကြီးထွားလာနိုင်ကြောင်း ဇွန် ၁၂ ရက်က ကျင်းပ သည့် တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်တွင် ကျွမ်းကျင်သူများက ပြောကြားသည်။

ဖော်ပြ

အမေရိကန်အားလုံးအနက် တစ်ဝက်သည် အကြိုဆီးချိုရောဂါ အနေအထားမျိုးရှိနေကြပြီး ယင်းပုံစံသည် နှလုံးရောဂါကို ဖြစ်ပွားစေနိုင်ကာ ဆေးရုံတွင်နာတာရှည် ဝေဒနာရှင်အဖြစ် နေရသည့်အပြင် အခြားအခြေအနေအရပ်ရပ်ကြောင့် သေဆုံးနိုင်ကြောင်း လေ့လာချက်တစ်ရပ်တွင် ရေးသားဖော်ပြထားသည်။

ဆီးချိုရောဂါနှင့် နှလုံးရောဂါ စောစီးစွာသိရှိလျှင် ကြပ်ကြပ်မတ်မတ် ကုသရမည်ဖြစ်ကြောင်း အမေရိကန် ဆီးချိုရောဂါဆိုင်ရာအသင်း၏ တွေ့ဆုံဆွေးနွေးပွဲသို့ လေ့လာချက်ကိုတင်သွင်းခဲ့သည်။

အဝလွန်သူများဖြစ်

အမေရိကန်ပြည်ထောင်စုတွင် လူ ၆၀ ရာခိုင်နှုန်း ကျော်သည် ကိုယ်အလေးချိန်ကျော်လွန်သူများ ဖြစ်ကြပြီး ၃၀ ရာခိုင်နှုန်းသည် အဝလွန်သူများဖြစ်ကြသည်။

အစားအစာနှင့်လေ့ကျင့်ခန်း ပြုလုပ်ခြင်းသည် ယင်းရောဂါကို စတင်ထိန်းချုပ်ရန် ကိစ္စရပ်များပင် ဖြစ်ကြောင်း ဆီးချိုရောဂါဆိုင်ရာ အသင်းမှ ဒေါက်တာရောဘတ်ရစ်ဇာက ပြောကြားသည်။

အကယ်၍ အစားအစာနှင့် လေ့ကျင့်ခန်းပြုလုပ်ပါလျက် ရောဂါလျော့မသွားသူများကမူ ယင်းရောဂါ ထိန်းချုပ်နိုင်ရေးအတွက် ဆေးဝါးများမှီဝဲသောက်သုံးသင့်ကြောင်း ၎င်းကပြောကြားသည်။ **အမ်အင်အေ၊ ရိုက်တာ**

ကာရာအိုကေနှင့် ညကလပ်များလိုက်နာရန် ဗီယက်နမ်၌စည်းကမ်းချက်အသစ်ထုတ်ပြန်

ဟိုချီမင်းစီးတီး ဇွန် ၁၆

ဗီယက်နမ်နိုင်ငံရှိ နာမည်ကြီး ကာရာအိုကေဘားဆိုင်များသည် အရက်သေစာသောက်စားမှု လွန်ကျူးခြင်းနှင့် ပြည့်တန်ဆာလုပ်ငန်းများကြောင့် ဇူလိုင်လမှစပြီး စည်းကမ်းချက်အသစ်များနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း အစိုးရအမိန့်ကြေညာချက်တစ်ရပ်၌ ဖော်ပြသည်။

အဆိုပါအမိန့်ကြေညာချက်ကို ယခုလတွင် ဝန်ကြီးချုပ်ဖန်ဗန်ခိုင်က ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ယင်းအမိန့်ကြေညာချက်သည် ဇူလိုင် ၁ ရက်မှစပြီး အကျိုးသက်ရောက်မည်ဖြစ်ကြောင်း မူးယစ်သောက်စားရာ ကာရာအိုကေ စားသောက်ဆိုင်များအား ဒေါင်တစ်သန်းခွဲ (အမေရိကန်ဒေါ်လာ ၉၄ ဒေါ်လာ)ဒဏ်ရိုက်မည် ဖြစ်ပြီး သောက်စားမူးယစ်သူများကို နေအိမ်ပြင်ပ မည်သည့်ကလပ်နှင့် စားသောက်ဆိုင်၌မဆိုတွေ့ရှိက ဒေါင် ၅၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၃၁ ဒေါ်လာ) ဒဏ်ရိုက်မည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ ရိုက်တာ**

ခွဲစိတ်ကုသ

အမေရိကန်နိုင်ငံ လော့အိန်ဂျလိစ်မြို့ရှိ ကလေးဆေးရုံတွင် ၁၀လသားအရွယ် အမြွှာပူးညီအစ်မ ရီဂျီနာနှင့် ရီနာတာအား ဇွန် ၁၄ ရက်က အောင်မြင်စွာ ခွဲစိတ်ကုသပေးခဲ့သည်။ (ဓာတ်ပုံ–အင်တာနက်)

စာရင်းစစ်များ လုပ်ငန်းများစချိန်နှင့် တစ်ပြေးညီ ထိရောက်စွာစစ်ဆေး စစ်ဆေးရေးအပိုင်းသာမက လုပ်ငန်းစစ်ဆေးခြင်းပါ အလေးပေး

နေပြည်တော် ဇွန် ၁၆

စာရင်းစစ်ချုပ်ရုံး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၉နာရီက ကျင်းပရာ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံ) ဒေါ်သန်းသန်းအေးနှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ပြည်နယ်၊တိုင်း စာရင်းစစ်အရာရှိများ တက်ရောက်ကြသည်။

ပညာသင်စရိတ်ပေး

ဆွေးနွေးပွဲတွင် စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က စာရင်းစစ်များအနေဖြင့် စစ်ဆေးရေးလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ ထိထိရောက်ရောက် စစ်ဆေးဆောင်ရွက်ရေး၊ စာရင်းစစ်ဆေးရေး အပိုင်းသာမက လုပ်ငန်းစစ်ဆေးခြင်းကိုပါ အလေးပေးဆောင်ရွက်ရေး၊ လုပ်ငန်း၊ ဌာနအဖွဲ့အစည်းများက ဥပဒေ၊ စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိမရှိ တို့ကို တိတိကျကျ စစ်ဆေးဖော်ထုတ် အစီရင်ခံနိုင်ရေးတို့ကို မှာကြားပြီး ထူးချွန်ဝန်ထမ်းများအားဆုငွေများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယ စာရင်းစစ်ချုပ်က စာရင်းစစ်ချုပ်ရုံး ဝန်ထမ်းသားသမီးများ၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်အတွက် ပညာသင်စရိတ် ထောက်ပံ့ငွေများကို ပေးအပ်သည်။

တင်ပြဆွေးနွေး

ထို့နောက် ပြည်နယ်၊တိုင်း စာရင်းစစ်အရာရှိများက ပြည်နယ်၊ တိုင်းအလိုက် စစ်ဆေးခံအဖွဲ့အစည်း အခြေအနေနှင့် စစ်ဆေးဆောင်ရွက်နိုင်မှု အခြေအနေ၊ အရေးကြီးသော စစ်ဆေးတွေ့ရှိချက်များနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းက အရေးယူဆောင်ရွက်ပြီးစီးမှု အခြေအနေ ဝန်ထမ်းအင်အား အခြေအနေ၊ ယခင်ဆွေးနွေးပွဲ ဆုံးဖြတ်ချက်များပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တင်ပြဆွေးနွေးကြသည်။

ယင်းနောက် စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က နိဂုံးချုပ် အမှာစကားပြောကြားပြီး ညနေပိုင်းတွင် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျင်းပပြီးစီးသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် စာရင်းစစ်ချုပ်ရုံး လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

၂၀၀၆ ကမ္ဘာ့ဖလားနှင့် သူတို့အမြင်

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကျင်းပလျက်ရှိရာ ဇွန် ၁၇ ရက် **(ယနေ့)**ပွဲ ယှဉ်ပြိုင်ကစားကြမည့် ဘောလုံးပွဲစဉ်များနှင့်ပတ်သက်၍ အမြင်များကို ဆက်သွယ်မေးမြန်းဖော်ပြလိုက်ပါသည်။

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း လက်ရွေးစင်ဟောင်း ဦးအေးမောင်ကြီး

- ပေါ်တူဂီနဲ့ အီရန်ပွဲကတော့ ပေါ်တူဂီတို့ ခက်ခက်ခဲခဲကစားရမယ်၊ အီရန်တို့ကစားပုံကောင်းတယ်။ ကစားအား မကျသွားဘူး၊ ပေါ်တူဂီတို့က တိုက်စစ်၊ ခံစစ်မျှပါတယ်။ ပေါ်တူဂီအလေးသာပေမယ့် လွယ်လွယ်ကူကူတော့ မရနိုင်ဘူး။
- ချက်နဲ့ ဂါနာပွဲမှာ ချက်အသင်းကို ပိုကြိုက်တယ်။ အတွေ့အကြုံနဲ့ကစားမှုစနစ်တွေ ကောင်းတယ်။ ဂါနာအသင်း ကစားအားကောင်းပြီး မာရေကြောရေရှိပေမယ့် ချက်အသင်းကို အနိုင်မရနိုင်ပါဘူး။
- အီတလီနဲ့ အမေရိကန်ပွဲမှာ အီတလီတို့က အဘက်ဘက်ကသာပါတယ်။ ရှေ့၊ လယ်၊ နောက်နေရာစုံမှာ အမေရိကန်တို့ မယှဉ်နိုင်ပါဘူး၊ အမေရိကန်တို့ ရှေ့တန်းတိုက်စစ်လည်း အားနည်းပါတယ်။ အီတလီနိုင်မယ့်ပွဲပါ။

သရုပ်ဆောင် မင်းမော်ကွန်း

- ပေါ်တူဂီနဲ့ အီရန်မှာ ပေါ်တူဂီကိုကြိုက်တယ်။ အီရန်ထက် ပေါ်တူဂီတို့ကအစဉ်အလာနဲ့ သမ္မာရှိတယ်။ အီရန် မာပေမယ့် ပေါ်တူဂီနိုင်မယ်လို့ ထင်တယ်။
- ချက်နဲ့ ဂါနာပွဲမှာ ချက်အသင်း အနိုင်ရမယ်ထင်တယ်။ ချက်တို့က အစဉ်အလာလဲရှိတယ်။ ကစားအားလဲကောင်းတယ်၊ ချက်အသင်းပဲနိုင်မယ်။
- အီတလီနဲ့ အမေရိကန်ပွဲမှာတော့ အီတလီကို သဘောကျတယ်။ တစ်သင်းလုံးကစားပုံကောင်းတယ်။ နည်းစနစ်လဲကျတယ်။ အမေရိကန်တို့ အီတလီကိုယှဉ်နိုင်ဖို့ မလွယ်ပါဘူး၊ အီတလီနိုင်မယ်ထင်တယ်။

(မြန်မာ့အလင်း)

လေးမျက်နှာမြို့နယ်အသင်း ဒုတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၁၆

အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တောရတပ်ဦးကျောင်း မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၇၇) ပဓာန နာယက ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရအားအမှူးထား၍ လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်)၏ ဒုတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ယင်းကျောင်း၌ ဇွန် ၁၈ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ မြို့နယ်သူမြို့နယ်သားအားလုံး တက်ရောက်ပါဝင်ကုသိုလ်ယူကြရန် နိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

အသားငါးများများစားခြင်း ကျန်းမာရေးဆိုးကျိုးများ ဖြစ်ပေါ်နိုင်

အသားနှင့်ငါးကဲ့သို့သော အစားအစာများသည် အာဟာရဓာတ်မြင့်မားစွာပါဝင်သော်လည်း ယင်းအစားအစာများကြောင့် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲဆိုးကျိုးများ အများအပြားဖြစ်ပေါ်နိုင်ကြောင်း သုတေသနဆန်းစစ်ချက်တစ်ရပ်၌ ဖော်ပြထားသည်။

ဆိုးကျိုး

ဟင်းသီးဟင်းရွက်နှင့် သစ်သီးများကို စားသုံးခြင်းနှင့် ဝေဒနာရှင်များအတွက် ကျွေးမွေးခြင်းသည် အသားငါးတို့ထက် ပရိတိန်းဓာတ်ပမာဏနည်းပါးသော်လည်း နောက်ဆက်တွဲ ဆိုးကျိုးများဖြစ်မှုနည်းပါးကြောင်း လန်ဒန်ရှိ သုတေသနပညာရှင်များက ပြောကြားသည်။

ပိုမိုသာလွန်

ထို့အပြင် အသားငါးစားသုံးသည့် ကလေးငယ်များနှင့် ဟင်းသီးဟင်းရွက် ဦးစားပေးစားသုံးသည့် ကလေးငယ်များကို နှိုင်းယှဉ်ရာတွင် စိတ်ရွှင်လန်းဆန်းမှုနှင့် ကျန်းမာမှုများ၌ ဟင်းသီးဟင်းရွက်စားသူ ကလေးငယ်များက ပိုမိုသာလွန်ကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။

ကျန်းမာရေးပိုကောင်း

လန်ဒန်သုတေသနပညာရှင်များအနေဖြင့် လိင်တူအမြွှာကလေးငယ်များကို စနစ်တကျလေ့လာခဲ့ရာတွင် ဟင်းသီးဟင်းရွက်စားသောကလေးငယ်များသည် ကျန်းမာရေးပိုမိုကောင်းမွန်ကြောင်း တွေ့ရှိရကြောင်းဖော်ပြသည်။

ထို့ကြောင့် မိခင်များအနေဖြင့် လေးနှစ်နှင့်ငါးနှစ်အရွယ် ကလေးငယ်များကို တစ်နေ့လျှင် ဟင်းသီးဟင်းရွက်များများ အသားနည်းနည်း ကျွေးမွေးသင့်သည်ဟု အကြံပြုထားသည်။ (ကိုးကား-အင်တာနက်)

စက်ဘီးနိုင်ငံအဖြစ် တရုတ်ဆက်ရှိနေမည်

တရုတ်နိုင်ငံသည် စက်ဘီးနိုင်ငံအဖြစ် ခံယူထားခြင်းကို ဆက်လက်ထိန်းထားသင့်ကြောင်း တရုတ်ဆောက်လုပ်ရေး ဒုတိယဝန်ကြီး ကျူဘော်ကျင်းက မြို့တော်အာဏာပိုင်များအား ပြောကြားလိုက်သည်။

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ဇွန် ၁၄ရက်က ကျင်းပသော ပထမအကြိမ် တရုတ်မြို့စီမံကိန်းနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကွန်ဖရင့်၌ ၎င်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ငါးဆတိုးလာနိုင်

တရုတ်နိုင်ငံ၏ လမ်းများပေါ်တွင် ၁၉၇၈ ခုနှစ်နှင့် ၂၀၀၄ ခုနှစ်အတွင်း မော်တော်ကားများ အဆ ၂၀ တိုးတက်များပြားလာခဲ့ကြောင်း၊ ယင်းအရေအတွက်သည် ၂၀၂၀ ပြည့်နှစ်တွင် ငါးဆတိုးလာနိုင်ကြောင်း၊ ၂၀၀၄ ခုနှစ်က တရုတ်နိုင်ငံ၌ ကားစီးရေ ၂၇သန်းရှိကြောင်း၊ လာမည့် ၁၅ နှစ်အတွင်း ကားစီးရေသန်း ၁၃၀ အထိ ရှိလာနိုင်ကြောင်း ၎င်းကမှတ်ချက်ပြု ပြောကြားသည်။

စိန်ခေါ်မှု

ယင်းကဲ့သို့ မော်တော်ယာဉ်များ အလွန်များပြားလာသဖြင့် အဓိကမြို့ကြီးများတွင် ခေါင်းနှင့် နောက်ပိုင်းတန်းစီဆက်သွားနေသလို ဖြစ်နေ၍ ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်နေကြောင်း၊ ထိုအတောအတွင်း လောင်စာဆီပြဿနာနှင့် မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးရေးတွင် စိန်ခေါ်မှုကို ဖြစ်စေကြောင်း ၎င်းက ပြောကြားသည်။

တည်ဆောက်ဖောက်လုပ်

ထိုကဲ့သို့ အခြေအနေများကြောင့် တရုတ်နိုင်ငံအနောက်ပိုင်း မြို့ကြီးအချို့၌ စက်ဘီးလမ်းများ သီးသန့်အဆိုပါ ဆောက်လုပ်ရေးဝန်ကြီးဌာနက တည်ဆောက်ဖောက်လုပ်လျက်ရှိသည်။

မူလက စက်ဘီးစီးလမ်းများကို ဖျက်ပြီး ကားလမ်းတိုးချဲ့ရန် စီစဉ်ခဲ့သော်လည်း ယင်းကဲ့သို့သော အခြေအနေများကြောင့် တရုတ်နိုင်ငံရှိ မြို့ကြီးများတွင် စက်ဘီးစီးလမ်းများ တည်ဆောက်ပေးသွားမည်ဖြစ်ကာ တရုတ်နိုင်ငံသည် စက်ဘီးနိုင်ငံအဖြစ် ဆက်လက်ရှိနေမည်ဖြစ်ကြောင်း သိရသည်။ **(ကိုးကား-အင်တာနက်)**

အင်တာနက် သတင်းနှင့် ဓာတ်ပုံများ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မန်မော်ကျေးရွာအနီးရှိ တစ်ဧကလျှင် တန် ၅၀ နှင့်အထက် ထွက်ရှိသည့် ရွှေလီအထူးအထွက်ကောင်း ကြံဧက ၁၀၀ စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

ဒေသနေတိုင်းရင်းသားပြည်သူများ လွယ်လင့်တကူ စိုက်ပျိုးနိုင်ရန် အထွက်ကောင်းမျိုးများ ထုတ်လုပ်ဖြန့်ဖြူးရေးတို့ကို မှာကြားပြီး အစေ့ထုတ်ပြောင်းစိုက်ခင်းနှင့် တစ်ဧကလျှင် တန်၅၀နှင့်အထက် ထွက်ရှိသည့် ဆင်းရွှေလီအထူးအထွက်ကောင်း ကြံဧက ၁၀၀ စိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လားရှိုး–သိန်းနီ–မူဆယ်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ ကွတ်ခိုင်မြို့သို့ ရောက်ရှိကြပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅)မှ ကချင်တိုင်းရင်းသားအဖွဲ့ခေါင်းဆောင် ဦးမထုနော်နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး မူဆယ်မြို့နယ် မော်ကောင်းကျေးရွာ၌ ကျင်းပသော မူဆယ်မြို့နယ် ခြံစည်းရိုးကြက်ဆူပင် စံပြဧက ၁၀၀ စိုက်ပျိုးပွဲအခမ်းအနား တက်ရောက်အားပေးပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ မူဆယ်မြို့အနီးရှိ ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးနှင့် စစ်ဆေးရေးစခန်းသို့ ရောက်ရှိကြရာ သွင်းကုန်ဌာနအစည်းအဝေးခန်းမ၌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန နယ်စပ်ကုန်သွယ်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးရန်နိုင်ထွန်းက မူဆယ်ဒေသကို စနစ်သစ်ပုံမှန် ကုန်သွယ်ရေးစမ်းသပ်ဒေသအဖြစ် သတ်မှတ်ဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဌာနအလိုက်တာဝန်ခံများက သက်ဆိုင်ရာကဏ္ဍအလိုက် နယ်စပ်ကုန်သွယ်ရေး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

စေတနာထားဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးမေးမြန်းပြီး နိုင်ငံတော်က ရသင့်ရထိုက်သော အခွန်အရပ်ရပ်ကို မှန်မှန်ကန်ကန်ရရှိအောင် ဆောင်ရွက်ရေး၊ ကုန်စည်စီးဆင်းမှုမြန်ဆန်ရေးကို ဝတ်ကျေတန်းကျေမဟုတ်ဘဲ စေတနာထားပြီး ဆောင်ရွက်ရေး၊ မသမာမှုပပျောက်ရေးနှင့် နိုင်ငံတော်ဝန်ထမ်းများပီပီ နိုင်ငံတော်အပေါ် သစ္စာရှိပြီး အကြံကောင်း ဉာဏ်ကောင်းထုတ်ကာ လုပ်ငန်းတာဝန်များကို အမျိုးသားရေးအမြင်ဖြင့် ဆောင်ရွက်ကြရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ပို့ကုန်ပစ္စည်းစစ်ဆေးရေးဌာနနှင့် သွင်းကုန်စစ်ဆေးရေးစခန်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မူဆယ်မြို့ စက်မှုကျေးရွာများသို့သွားရောက်၍ နဂါးမင်းကြက်ဆူ သီးကြိတ်စက်ရုံကို ကြည့်ရှုစစ်ဆေးကြရာ မူဆယ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းက မူဆယ်မြို့နယ်၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပြီးစီးမှု၊ ဒေသမှ ထွက်ရှိလာမည့် ခြံစည်းရိုးကြက်ဆူဖြင့် ဘိုင်အိုဒီဇယ် ထုတ်လုပ်နိုင်ပြီး ဆီကြိတ်စက်ရုံကို ပုဂ္ဂလိကပိုင်းမှ စတင်တည်ဆောက်ခဲ့မှု၊ ဆီကြိတ်စက်ရုံ၏ လုပ်ငန်းဆောင်ရွက်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြ သည်။

ကြံဆောင်လုပ်ဆောင်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက စက်ရုံတာဝန်ခံ ဦးမောင်မောင်အား စက်ရုံနှင့်စပ်လျဉ်း၍ မေးမြန်းဆွေးနွေးပြီး စက်ရုံအတွက် ကုန်ကြမ်းဖြစ်သည့် ခြံစည်းရိုးကြက်ဆူကို ဒေသတွင်း၌ပင် ဖူလုံစွာ ရရှိနိုင်တော့မည်ဖြစ်ပြီး မိမိ အကျိုးစီးပွားနှင့် ဒေသ၏အကျိုးစီးပွား၊ နိုင်ငံတော်၏ အကျိုးစီးပွားတိုးတက်ဖြစ်ထွန်းနိုင်သော လုပ်ငန်းဖြစ်၍ ပိုမိုတိုးတက်အောင် ကြံဆောင် လုပ်ကိုင်သွားရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ခြံစည်းရိုးကြက်ဆူဖြင့် ဘိုင်အိုဒီဇယ်ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

မန်ဝိန်းကင်းစခန်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မူဆယ်မြို့ရှိ မြန်မာ–တရုတ်နယ်စပ် မန်ဝိန်းကင်းစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မူဆယ်မြို့ရှိ ရွှေလီရတနာခန်းမ၌ ရွှေလီရေအားလျှပ်စစ်စီမံကိန်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်နှင့် တပ်မတော်အရာရှိကြီးများ၊ ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၇) တည်ဆောက်ရေးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေလင်းနှင့် တာဝန်ရှိသူများ၊ အေးရှားဝေါလ်ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ YMEC ကုမ္ပဏီမှစီမံကိန်းမန်နေဂျာ Mr.Tanujiနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၇)တည်ဆောက်ရေးမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးနေလင်းက ရွှေလီရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဆွေးနွေးမေးမြန်းသည်။ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးကာ စီမံကိန်းကို သတ်မှတ်ကာလအမီ ပြီးစီးရေးနှင့် သတ်မှတ်ထားသော လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ YMEC ကုမ္ပဏီမှ စီမံကိန်း မန်နေဂျာ Mr. Tanuji အား သစ်သီးခြင်းလက်ဆောင်ပေးအပ်သည်။

သစ်သီးခြင်းလက်ဆောင်ပေးအပ်

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်က Asia World Co., မှ ဦးလှမြင့်အား သစ်သီးခြင်းလက်ဆောင်ပေးအပ်သည်။

ရွှေလီရေအားလျှပ်စစ်စီမံကိန်းကို ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ခမ်းမြို့ အနောက်တောင်ဘက် ၁၇ မိုင်အကွာ မန်တက်ကျေးရွာအနီး၌ တည်ဆောက်လျက်ရှိပြီး ရွှေလီမြစ်ပေါ်တွင် အလျား ၅၃၃ ပေ၊ အမြင့် ၁၅၄ ပေရှိ ကွန်ကရစ်ရေထိန်းဆည် တည်ဆောက်လျက် အရှည် ၃ ဒသမ ၂ မိုင်ရှိ ရေသွယ်ဥမင်လိုဏ်မှတစ်ဆင့် ရေကို သွယ်ယူကာ တပ်ဆင်စက်အင်အား မဂ္ဂါဝပ် ၁၀၀ ရှိ ဒေါင်လိုက် ဖရန်စင်တာဘိုင်စက် လေးလုံးဖြင့် လျှပ်စစ်ဓာတ်အား နှစ်စဉ် ကီလိုဝပ်နာရီသန်းပေါင်း ၃၀၂၂ ထုတ်လုပ်၍ ဓာတ်အား ကွန်ရက်စနစ်သို့ သွယ်တန်းဖြန့်ဖြူးသွားရန်ဖြစ်သည်။

ပူးပေါင်းအကောင်အထည်ဖော်

အဆိုပါ စီမံကိန်းကို အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Yunan Machining and Equipment Import and Export Coporation (YMEC) တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြမည်ဖြစ်သည်။

တိုးမြှင့်ထုတ်လုပ်

အဆိုပါ ရွှေလီရေအားလျှပ်စစ်စီမံကိန်းသည် နောင်တွင် လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက်ရရှိအောင် ဆက်လက်တိုးမြှင့်ထုတ်လုပ်သွားနိုင်မည့် အလားအလာရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

မဇ္ဈိမဒေသဗုဒ္ဓဂယာ၌ သာသနာပြုကုသိုလ်ယူနိုင်ကြ

ရန်ကုန် ဇွန် ၁၆

အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာ မြန်မာကျောင်းတွင် သီတင်းသုံးနေတော်မူသည့် အိန္ဒိယနိုင်ငံ ပရဒေသီ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဘဒ္ဒန္တဉာဏိန္ဒ ဆရာတော်ကြီးသည် ကျောင်းနှင့်ကပ်လျက် မြေနှစ်ဧကကို အလှူခံယူခွင့်ရရှိထားပြီး ဘုရားဖူးများ အဆင်ပြေစေရန်အတွက် စီစဉ်လျက်ရှိရာတွင် ဘုရားပွင့်တော်မူရာ မြေမြတ်၌ သာသနာပြုကုသိုလ်ယူနိုင်ရန်အတွက် အလှူရှင်များအနေဖြင့် တစ်ပေပတ်လည် မြေတစ်ကွက်လျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ဒေါက်တာအရှင်သုန္ဒရ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ကျောင်းလမ်း မြေနီကုန်း စမ်းချောင်း ရန်ကုန် (ဂမုန်းပွင့်ကုန်တိုက်ဘေး၊ အောင်တော်မူလမ်း) ဖုန်း–၅၃၇၅၉၇၊ ဆရာတော်ဦးပဏ္ဍဝံသ (မော်လမြိုင်) အောင်ဇမ္ဗူပရိယတ္တိစာသင်တိုက်၊ မုပွန်ရပ် မော်လမြိုင် ဖုန်း–၀၅၇–၂၄၂၉၉၊ ဦးစိုးပိုင် (ပုသိမ်) အမှတ် ၂၈၊ မရမ်းချိုလမ်း ပုသိမ်မြို့ ဧရာဝတီတိုင်း ဖုန်း–၀၄၂–၂၄၄၇၂၊ ဆရာတော်ဦးပညာသာမိ (တောမှီရဟန်း) တောင်ကလေး ဓမ္မရိပ်သာ လှိုင်းဘွဲလမ်း ဘားအံမြို့ ကရင်ပြည်နယ်၊ ဦးလှမြင့် (ပြွန်တန်ဆာမြို့) သီရိရတနာရွှေဆိုင် မင်းလမ်း ပြွန်တန်ဆာမြို့ ဖုန်း–၀၅၂–၄၀၂၃၄၊ ၀၅၂–၄၀၂၃၀၊ ဒေါ်မြမြလေး(ဒီပါအေးမြတိုက်) မန္တလေးမြို့ ၂၄/၆၄ ထောင့် မဟာဗေယျာဘုံရပ် မန္တလေး ဖုန်း–၀၂–၃၄၄၈၅၊ ၀၂–၃၉၃၈၈၊ ဆရာတော် ဦးနန္ဒိယ (ရွှေတောင်) တိလောကာရုံကျောင်း ရွှေတောင်မြို့ ပဲခူးတိုင်း ဖုန်း–၀၅၃–၂၄၂၂၂၊ ဦးစိုးဝင်း (တောင်ကြီး) J–၂၂ နေခြည်လင်း အလှကုန်ဆိုင် မြို့မဈေး (နာရီစင်အနီး) တောင်ကြီးမြို့ ရှမ်းပြည်နယ် ဖုန်း–၀၉–၅၂–၁၂၈၅၃၊ ၀၈၁–၂၄၂၀၁(၁၈၃)၊ ဦးမောင်မောင်တာ–ဒေါ်အေးအေးဝင်း (မကွေး) တာကွမ်း၊ ကွမ်းသီးရောင်းဝယ်ရေး မြို့မဈေးကြီး မကွေးမြို့ ဖုန်း–၀၅၃–၂၃၅၅၇၊ ၂၃၅၅၈၊ ဦးလှမြင့်–ဒေါ်ကြည်အေး ဟောင်ကောင်သူ စားသောက်ဆိုင်နှင့် ဧည့်ရိပ်သာ ခေတ္တရာခန်းမရှေ့ ဗိုလ်ချုပ်လမ်း ပြည်မြို့ ဖုန်း– ၀၅၃–၂၆၀၅၈၊ ၂၂၄၈၃၊ ဆရာတော် ဦးဓေတိက(မော်ကျွန်း) ပုညဝမုနကျောင်း မအူပင်လမ်းမြို့မ ၁၁ ရပ်ကွက် မော်လမြိုင်ကျွန်းမြို့၊ ဦးသိန်းလွင် – ဒေါ်ခင်မေသန်း (လားရှိုး) အမှတ် ည/၇ ၁၀ ရပ်ကွက် ရန်အောင်မြင်လမ်း လားရှိုးမြို့ ဖုန်း–၀၈၂–၂၂၉၈၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရသေ့တောင်မြို့နယ်အသင်း ပထမအကြိမ် ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇွန် ၁၆

ရန်ကုန်မြို့ မြို့နယ်အသီးသီးတွင် ကျောင်းထိုင်နေကြသော ရသေ့တောင်မြို့နယ်မှ သံဃာတော်များအား ရသေ့တောင်မြို့နယ်အသင်း(ရန်ကုန်)မှ ပထမအကြိမ်အဖြစ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇွန် ၂၅ ရက်(ဝါဆိုလဆန်း ၁ ရက်) တနင်္ဂနွေနေ့တွင် ကျင်းပမည်ဖြစ်သည်။ ပါဝင် ကုသိုလ်ပြုလိုကြသူများ ဦးစံလှမောင် ဖုန်း–၅၄၁၅၃၅၊ ၃၈၂၇၆၃ တို့သို့ ဆက်သွယ်လှူဒါန်းကြရန်နှင့် မြို့နယ်သူ မြို့နယ်သားများ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

(က–ပ)

မဟာဝိသုဒ္ဓါရုံကျောင်း ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဇွန် ၁၆

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ကျောက်ရေတွင်းရပ်ကွက် မဟာဝိသုဒ္ဓါရုံကျောင်းတိုက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲအမှတ်(၁၈)၏ ခုနစ်ရက်တရားစခန်းကို ဇူလိုင် ၈ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်လိုသည့် ယောဂီပုဂ္ဂိုလ်များသည် အလှူငွေကျပ် ၁၅၀၀ နှင့်အတူ အိပ်ရာလိပ်နှင့် အသုံးအဆောင်ပစ္စည်းများ ယူဆောင်လာရမည်။ နေ့ဆွမ်းလှူဒါန်းလိုပါက တစ်ရက်လျှင် ကျပ် ၃၀၀၀၀ နှုန်းဖြင့် မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ဖုန်း–၆၅၁၈၆၄ သို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဇွန် ၁၅ ရက်က ဗဟန်းမြို့နယ် ကျိုက္ကဆံရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ၏ ကျန်းမာရေး ပညာပေးဟောပြောပွဲကို ရပ်ကွက်အသင်းခွဲ နေ့ကလေးထိန်းကျောင်း၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်ဝင်းက ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့နှင့်ပတ်သက်၍ ဟောပြောစဉ်။(က–ပ)

အမှာစကား ပြောကြား

နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း မောင်တောမြို့နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ် နေမျိုးခန်းမတွင် တပ်ဖွဲ့ဝင်များနှင့် မိသားစုများအား အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

* ကျောဖုံးမှ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် မောင်တောမြို့ရှိ သီရိမင်္ဂလာခန်းမသို့ သွားရောက်၍ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများ အား တွေ့ဆုံရာ ရှေးဦးစွာ မောင်တော မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ကြီးနီအောင် ကမြို့နယ်အတွင်းဒေသဖွံ့ဖြိုးတိုးတက် ရေးနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်မှူးချုပ် မောင်ရှိန်က ဖြည့်စွက်ရှင်းလင်းတင်ပြ သည်။

တက်ညီလက်ညီကြိုးပမ်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက မောင်တောခရိုင် နှင့် မောင်တောမြို့နယ်၏ ဖွံ့ဖြိုးတိုး တက်မှု အခြေအနေများကို တွေ့မြင် ရ၍ ဝမ်းမြောက်ရပါကြောင်း၊ ယခု အခြေအနေဖြင့် တင်းတိမ်ရောင့်ရဲ မနေကြဘဲ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် ကြရန် တိုက်တွန်းလိုကြောင်း၊ ဒေသ ဆန် ဖူလုံရေးအတွက် ယခုထက် ပိုမိုအားထုတ်ကြရမည် ဖြစ်ကြောင်း၊ မိုးစပါးနှင့် နွေစပါးကို လျာထားချက် ထက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုး ရန်နှင့် ရေမြေအခြေအနေပေးသည့် နေရာများတွင် မြေလွတ်မြေရိုင်းများ နှင့် ကုန်းမြင့်လယ်ယာများဖော်ထုတ်၍ တစ်မိုးနှစ်သီးစိုက်ပျိုးရန်လည်းကောင်း၊ တစ်ဧကအထွက်တိုးရေး အတွက် နည်းလမ်းလေးသွယ်ဖြင့်လည်းကောင်း စိုက်ပျိုးကြရန်လိုကြောင်း၊ သို့မှသာ မြို့နယ်၏ ဆန်ဖူလုံမှုရှိလာမည်ဖြစ် ကြောင်း၊စက်မှုကုန်ကြမ်းသီးနှံရော်ဘာ သည် ပြည်တွင်းသာမက ပြည်ပတွင် ပါ ဈေးနှုန်းကောင်းနေသဖြင့် ဒေသခံ ပြည်သူများဝင်ငွေတိုးတက်ရေးသာမက အလုပ်အကိုင် အခွင့်အလမ်းများပါ ရရှိစေမည်ဖြစ်၍ တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်အထိ စိုက်ပျိုးကြရန် မှာကြားလိုကြောင်း၊ မေယုတောင်တန်း ကို ရွှေဖြူတောကြီးဖြစ်စေရန် နိုင်ငံ တော် အပိုင်းက မျှော်မှန်းဆောင်ရွက် လျက်ရှိကြောင်း၊ အလားတူ ယနေ့ ကမ္ဘာတွင် ရေနံရှားပါးမှုဖြင့် ရင်ဆိုင် ကြုံတွေ့လျက်ရှိရာ နိုင်ငံတော် အကြီး အကဲက နောင်အရှည်ကို မျှော်တွေး၍ ဇီဝဒီဇယ်လောင်စာဆီ ထုတ်ယူနိုင်ပြီး စားသုံးမှုကိုလည်း မထိခိုက်စေသည့် ခြံစည်းရိုး ကြက်ဆူပင်ကို သုံးနှစ် အတွင်း ပြည်နယ်နှင့်တိုင်းများ၌ ဧက ငါးသိန်းစီ သတ်မှတ်စိုက်ပျိုးစေခြင်း ဖြစ်ကြောင်း၊ မောင်တောမြို့နယ် အနေ ဖြင့်လည်း ခြံစည်းရိုး ကြက်ဆူပင်များ ကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးကြရန် လိုကြောင်း၊ ထို့ပြင် ရခိုင်ပြည်နယ်ကို ငရုတ်ကောင်း အများဆုံးစိုက်ပျိုးသည့် ပြည်နယ်ဖြစ်ရန် ကြိုးပမ်းအားထုတ် ကြရန်နှင့် မွေးမြူရေးကဏ္ဍအနေဖြင့် ရခိုင်ပြည်နယ်သည် ပုစွန်ကန် ဧက ပေါင်း တစ်သိန်းခွဲ မွေးမြူလျက်ရှိ သော်လည်း တစ်ဧက အထွက်နှုန်းမှာ နည်းပါးနေသဖြင့် အထွက်နှုန်း တိုး တက်ရေးအတွက် နည်းလမ်းရှာဖွေရန် လိုအပ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက် ရေးအတွက် ဌာနဆိုင်ရာများနှင့် ဒေသခံ ပြည်သူများ တက်ညီလက်ညီ ကြိုးပမ်း ဆောင်ရွက်ကြရမည် ဖြစ် ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် နယ်စပ်ဒေသ အမှတ်(၁)ဝင်ထွက် တံတားဂိတ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန် ရှိဝန်ထမ်းများအား နိုင်ငံတော်အတွက် ရရှိရမည့် အခွန်အကောက်များ အပြည့် အဝရရှိရေးအတွက်ကြိုးပမ်းဆောင်ရွက် ရေး မှာကြားသည်။

ဆက်ကပ်လှူဒါန်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည်အဖွဲ့ဝင်များလိုက် ပါလျက် မောင်တောမြို့ရှိ မြို့မကျောင်း တိုက်သို့ရောက်ရှိကြ၍ မဟာကျန် ဗုဒ္ဓ ရုပ်ပွားတော်မြတ်အားပန်း၊ရေချမ်းများ ဖြင့်ဆက်ကပ်ပူဇော်ဖူးမြော်ကြပြီး ဆရာ တော်၊ သံဃာတော်များအား လှူဖွယ် ပစ္စည်းများကိုဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အဖွဲ့ဝင်အဖြစ်လိုက် ပါလာသော ကာကွယ်ရေးဝန်ကြီးဌာန မှ ဗိုလ်ချုပ်အောင်သိန်းက မဟာကျန် ဗုဒ္ဓရုပ်ပွားတော်မြတ် ဘက်စုံပြုပြင်မွမ်း မံရန်အတွက် အလှူရှင် အဂ္ဂမဟာသီရိ သုဓမ္မမဏိဇောတဓရ ဦးကျော်မင်း လှူဒါန်းသော အလှူငွေကျပ် ၅၄၀၀၀၀ နှင့် ဦးလှမောင်(ခ)ဦးကျော်အေးနှင့် ဇနီးဒေါ်ယက်သဲဖြူမိသားစုတို့ လှူဒါန်း သော အလှူငွေကျပ်သုံးသိန်းတို့ကို ပေး အပ်လှူဒါန်းသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မောင်တောမြို့နယ် ညောင်ချောင်းကျေး ရွာအုပ်စုရှိ ရွှေရင်အေးစံပြကျေးရွာ၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပျိုး ပင်များ ပေးအပ်ခြင်းနှင့် စုပေါင်းစိုက် ပျိုးပွဲအခမ်းအနားတို့သို့ တက်ရောက် အားပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက နိုင်ငံတော်နှင့်ပြည်သူ အတွက် အရေးကြီးသည့် လုပ်ငန်း တစ်ရပ်အဖြစ်ခံယူပြီး ဇီဝဒီဇယ်လောင် စာဆီထုတ်ယူရရှိနိုင်သည့် ခြံစည်းရိုး ကြက်ဆူပင်များကို အင်တိုက်အား တိုက် ကြိုးပမ်းစိုက်ပျိုးကြရေး၊ စိုက်ပျိုး ပြီး အပင်များ ရှင်သန်ကြီးထွားရေး အတွက် ထိန်းသိမ်းစောင့်ရှောက်ကြ ရေးနှင့် စပ်လျဉ်း၍ အမှာစကားပြော ကြားသည်။

ခြံစည်းရိုးကြက်ဆူပင်ပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူးတို့က လူမှု ရေးအသင်းအဖွဲ့ဝင်များအား ခြံစည်းရိုး ကြက်ဆူပင်များကို ပေးအပ်ကြသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်မှူးချုပ် မောင်ရှိန်နှင့် ကာကွယ်ရေးဝန်ကြီးဌာန မှ ဗိုလ်ချုပ်အောင်သိန်းတို့က ခြံစည်း ရိုး ကြက်ဆူပင်များကို အမှတ်တရ စိုက်ပျိုးပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ညောင်ချောင်း ကျေးရွာအုပ်စုနှင့် မြို့သူကြီးကျေးရွာ အုပ်စုတို့အကြားရှိ တောင်ကြောများ ပေါ်၌ ရော်ဘာဧက၁၅၀စိုက်ပျိုးဆောင် ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အားပေးစကားပြောကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့် အတူ ရွှေရင်အေးစံပြကျေးရွာရှိ ဒေသခံ ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားသို့တက်ရောက် ရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ရွှေရင်အေး စံပြ ကျေးရွာမှ ဒေသခံ ပြည်သူများအား နှုတ်ဆက် အားပေးစကားပြောကြား သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ကျေးရွာသူ ကျေးရွာ သားများအား အမျိုးသမီးဝတ် အနွေး ထည်၇၀၊ စောင်၁၃၅ထည်၊ ကျားဝတ် လုံချည် ၅၀၊ အဝတ်အစားထုပ်များ၊ ကလေးကစားစရာများနှင့် အားကစား ပစ္စည်းများကို ထောက်ပံ့ပေးအပ်ပြီး ကျေးရွာသူ ကျေးရွာသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ပူးပေါင်းဆောင်ရွက်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များ လိုက် ပါလျက် မောင်တောမြို့ နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ်ရှိ နေမျိုးခန်းမသို့ရောက်ရှိပြီး တပ်ဖွဲ့ဝင် များနှင့် မိသားစုများအား တွေ့ဆုံ၍ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား ၍ နိုင်ငံတော်မှပေးအပ်သည့် တာဝန် များကို အောင်မြင်အောင် ကြိုးပမ်း ဆောင်ရွက်ကြရေး၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်း ဆောင်ရွက်ကြရေး၊ မိသားစုဝင်ငွေ တိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူ ရေးလုပ်ငန်းများကို တစ်ပိုင်တစ်နိုင် ဆောင်ရွက်ကြရေးတို့နှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းမှူးဗိုလ်မှူးချုပ် မောင်ရှိန်က တပ်ဖွဲ့ဝင်များအား ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ တာဝန်သိသိ ဆောင်ရွက်ကြရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မောင်တောမြို့၌ ညအိပ်ရပ်နားကြ သည်။ **(သတင်းစဉ်)**

အာဂျင်တီးနားက ဆားဗီးယားကို ခြောက်ဂိုးပြတ်နိုင်

ရန်ကုန် ဇွန် ၁၆

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(ဂ) ဒုတိယပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၇ နာရီခွဲက ဂျယ်လ်ဆင်ကာချန်မြို့ရှိ **Aufschlke Arena**အားကစားကွင်း၌ အာဂျင်တီးနားအသင်းနှင့် ဆားဗီး ယားနှင့် မွန်တီနီဂရိုးအသင်းတို့ ယှဉ်ပြိုင်ကစားရာ အာဂျင်တီးနားအသင်းက ခြောက်ဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိသွားသည်။

သုံးဂိုးသွင်းယူ

အာဂျင်တီးနားအသင်းက ဆီးဗီးယားအသင်းကို ခက်ခက်ခဲခဲကစားရ မည်ထင်မှတ်ခဲ့ကြသော်လည်း ပထမပိုင်းမှာပင် သုံးဂိုးသွင်းယူကာ အနိုင်ရရှိ ခဲ့ခြင်းဖြစ်သည်။ အာဂျင်တီးနားအသင်းသည် ဒုတိယပိုင်း၌ စိတ်ကြိုက် ကစားကွက်ဖော်ပြီး အရန်လူများကို လူစားလဲလှယ်ခဲ့သော်လည်း သုံးဂိုး ထပ်မံသွင်းယူနိုင်ပြီး ခြောက်ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အာဂျင်တီး နားအသင်းသည် ယခုပြိုင်ပွဲ၌ တစ်ပွဲတည်း ခြောက်ဂိုးသွင်းယူခဲ့ရာ ဂိုးအများဆုံးဖြင့် အနိုင်ရရှိခြင်းဖြစ်သည်။

အနီကတ်

အာဂျင်တီးနားအသင်းအတွက် အနိုင်ဂိုးများကို ရိုဒရီဂွက်ဇ်က ၆ မိနစ်နှင့် ၄၁ မိနစ်တို့တွင် ပထမဂိုးနှင့် တတိယဂိုး၊ ကမ်ဘီယာဆိုက ၃၁ မိနစ်တွင် ဒုတိယဂိုး၊ ခရက်စပိုက ၇၈ မိနစ်တွင် စတုတ္ထဂိုး၊ တီဗက်ဇ်က ၈၄ မိနစ်တွင် ပဉ္စမဂိုး၊ ဆာဗီယိုလာအစားလူစားဝင်လာသည့် မက်ဆီ က ၈၉ မိနစ်တွင် ဆဋ္ဌမဂိုးသွင်းယူပေးသည်။ ဆားဗီးယားအသင်းမှ ကက်ဇ်မန်းသည် ဒုတိယပိုင်းတွင် အနီကတ်ဖြင့် ထုတ်ပယ်ခြင်းခံရသည်။

အာဂျင်တီးနားအသင်းသည် ပထမပွဲစဉ်၌ အိုင်ဗရီကို့စ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ရာ နိုင်ပွဲဆက်၍ နှစ်ပွဲနိုင် (၆)မှတ်ဖြင့် ဒုတိယအဆင့်ရှုံးထွက်ပွဲစဉ်သို့ တက်ရောက်သွားပြီဖြစ်သည်။ အာဂျင်တီးနား အသင်းသည် ဇွန် ၂၁ ရက်တွင် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဟော်လန် (နယ်သာလန်)အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

သတင်းမှတ်စု-ကိုဇွေး

ဓမ္မရောင်ခြည် တရားအလှူပေးလှူမည်

ရန်ကုန် ဇွန် ၁၆

မြတ်ဗုဒ္ဓ၏ တရားတော်များကို တရားခွေနှင့်တရားစာအုပ်များမှတစ် ဆင့် လွယ်လင့်တကူ သိရှိနိုင်ရန် ရည်ရွယ်၍ ရန်ကုန်မြို့ ရွှေတိဂုံဘုရား လမ်း သိမ်ကြီးဈေး(စီရုံ) အဆောင် (၄) ပထမထပ် ဆိုင်အမှတ် ၉၀ ရှိ ဓမ္မရောင်ခြည်ဓမ္မဒါနလုပ်ငန်း(ပင်မ) ကိုဖွင့်လှစ်ထားရှိရာ သစ္စာတရားခွေ နှင့် တရားစာအုပ်များ အခမဲ့ငှားရမ်း ခြင်းနှင့် ဖြန့်ချိခြင်းအပြင် ဓမ္မဒါန လုပ်ငန်းခွဲများ တည်ထောင်လိုသူများ အတွက် ကူညီဆောင်ရွက်ခြင်းတို့ကို တရားလိုလားသူများအတွက် ဆောင် ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ယင်း ပင်မနေရာ၌ အချိန်ပိုင်း တရားနာလို သူများ၊ တရားအားထုတ်လိုသူများ အတွက် နေရာထိုင်ခင်းစီစဉ်၍ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ (တနင်္ဂနွေနေ့မှအပ)တရားအလှူပေးလှူ နေကြောင်း သိရသည်။ အသေးစိတ် သိရှိလိုပါက ဖုန်း ၀၉-၈၀-၂၄၄၃၂၊ ၀၉-၅၀-၁၅၄၄၆ နှင့် ၀၉-၅၀-၁၈၆၈၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

(၈)ကြိမ်မြောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး

(၂၁-၆-၂၀၀၆)

ဒုတိယအကြိမ် အာဆီယံ+၃ နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး

(၂၂-၆-၂၀၀၆)

ပထမအကြိမ် အာဆီယံ+တရုတ် ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး

(၂၃-၆-၂၀၀၆)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် သစ်ထုတ်လုပ်သည့် ကုမ္ပဏီများမှ တာဝန်ရှိသူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သစ်ထုတ်ရာ၌ သဘာဝဝန်းကျင်ပျက်စီးမှုမရှိစေရေး ဆောင်ရွက် တရားမဝင်ထုတ်မှုများနှင့်လာဘ်ပေးလာဘ်ယူမှုများ မပြုလုပ်ရေးမှာကြား

ရန်ကုန် ဇွန် ၁၆

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ အလုံမြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)တင်ဒါခန်းမ၌ သစ်ထုတ်လုပ်သည့် ကုမ္ပဏီများမှတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်း၊ သစ်တော ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်နှင့် တာဝန်ရှိသူများ၊ သစ်ထုတ်ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တရားမဝင်သစ်ထုတ်မှု

ရှေးဦးစွာ ဝန်ကြီးကအမှာစကားပြောကြားရာ၌ ပြီးခဲ့သည့် သစ်ထုတ်ရာသီအတွင်း လုပ်ငန်းဆောင်ရွက်ရာတွင် အားသာချက်များကို ပြန်လည်သုံးသပ်ပြီး လာမည့်လုပ်ငန်းရာသီတွင် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်သွားနိုင်အောင် စီမံဆောင်ရွက်ပေးမှု၊ သစ်ထုတ်ရာတွင် သဘာဝ ဝန်းကျင်ပျက်စီးမှု မရှိစေရေးအတွက် ဆောင်ရွက်ရေး၊ တရားမဝင် သစ်ထုတ်မှုများ မပြုလုပ်ရေးနှင့် လာဘ်ပေးလာဘ်ယူမှုများ မပြုလုပ်ရေးတို့ကို ပြောကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် တက်ရောက်လာသော ကုမ္ပဏီများမှ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများကို တင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပျော်ဘွယ်အရှင်ဝိသုဒ္ဓရုံသီ၏ ကလေးယဉ်ကျေးမှုအလိမ္မာတရားပွဲများ

ရန်ကုန် ဇွန် ၁၆

မြောက်ဥက္ကလာပမြို့နယ် (မယ်လမုဘုရားအနီး) ဓမ္မသိဂီ ပျော်ဘွယ် ပရိယတ္တိစာသင်တိုက်နှင့် မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်း ဓမ္မသိဂီ ပျော်ဘွယ် ပဋိပတ္တိသာသနာ့ရိပ်သာတို့၏ ပဓာနနာယက ဂန္ထဝါစကပဏ္ဍိတ ပျော်ဘွယ်အရှင်ဝိသုဒ္ဓရုံသီသည် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်းခန်းမတွင် ကျောင်းသားကျောင်းသူ ၂၅၀၀ခန့်တို့အား ကလေးအလိမ္မာတရားပွဲများအဖြစ် ဇွန်၂၃ရက်နှင့် ၃၀ရက်များတွင်လည်းကောင်း၊ ဇူလိုင် ၇၊၁၄၊၂၁ရက်နှင့်၂၈ရက်များတွင် လည်းကောင်း၊ ဩဂုတ် ၄၊ ၁၁၊၁၈နှင့်၂၅ရက်များတွင် လည်းကောင်း၊ စက်တင်ဘာ ၈၊၁၅၊ ၂၂ နှင့် ၂၉ရက်များတွင် လည်းကောင်း၊ အောက်တိုဘာ ၆၊၁၃၊၂၀နှင့် ၂၇ရက်များတွင်လည်းကောင်း၊ နိုဝင်ဘာ ၃၊၁၀၊၁၇နှင့်၂၄ရက်များတွင် လည်းကောင်း၊ ဒီဇင်ဘာ ၁၊၈ရက်နှင့် ၁၅ရက်တွင် လည်းကောင်း နံနက်ပိုင်းတွင် တစ်ကြိမ်၊ နေ့လည်ပိုင်းတွင် တစ်ကြိမ်အပိုင်းခွဲ၍ ကလေးများ ယဉ်ကျေး အလိမ္မာဗဟုသုတဖြစ်ဖွယ်ရာတရားများကို ဟောကြားမည်ဖြစ်ပြီး ဒီဇင်ဘာ၂၂ရက်တွင် ဟောပြောပြီးသည့် တရားများမှ ကောက်နုတ်လျက် စာမေးပွဲကျင်းပဖြေဆိုမည်ဖြစ်ကြောင်းနှင့် တရားပွဲများ ပင့်လျှောက်လိုပါက ဖုန်း-၀၁-၆၅၁၉၅၇၊ ၀၁-၇၀၆၉၅၇သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

မင်္ဂလာဗျူဟာ သွေးလှူဒါန်းပွဲ

ရန်ကုန် ဇွန် ၁၆

ဗဟန်းမြို့နယ်ရှိ မင်္ဂလာဗျူဟာ အသင်းချုပ် ဗုဒ္ဓဘာသာသင်တန်းကျောင်း၌ ဇွန် ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် (၈၃)ကြိမ်မြောက် သွေးလှူဒါန်းပွဲကိုကျင်းပမည်ဖြစ်ရာ သွေးလှူရှင်များသည် ဇွန် ၂၄ ရက် (စနေနေ့) နံနက် ၇ နာရီမှစ၍ အသင်းချုပ်သို့လာရောက်ကာ အသိအမှတ်ပြုကတ်ပြားပေး၍ စာရင်းပေးသွင်းနိုင်ပြီး ပဒေသာမဲအတွက် အလှူငွေများနှင့် ပစ္စည်းများကို တတ်စွမ်းသရွေ့ ပေးလှူကြပါရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။ (၃၅၂)

ကျိုက်လတ်မြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇွန် ၁၆

ကျိုက်လတ်မြို့နယ် အသင်း (ရန်ကုန်)၏ တတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်ကြားတောရလမ်းရှိ ဇရာဝတီတိုင်းဓမ္မာရုံတွင် ဇူလိုင်၉ရက်(ဝါဆိုလပြည့်နေ့) နံနက်၁၀နာရီတွင် ကျင်းပမည်ဖြစ်ရာအသင်းဝင်များနှင့် မြို့နယ်သူမြို့နယ်သားများကြွရောက်ကြည်ညိုပါရန်နှင့်လှူဒါန်းလိုသော အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကိုအသင်းရုံး ဖုန်း-၅၀၁၅၁၈၊ ဦးမောင်ညိမ်း ဖုန်း-၆၆၇၁၃၂၊ဦးသိန်းလွင်ဖုန်း-၂၅၁၂၇၅၊ ဦးကျော်ရင်ဖုန်း-၅၆၀၅၂၀နှင့်နီးစပ်ရာ အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

အထက(၁)မြောက်ဥက္ကလာပကျောင်းသားဟောင်းများ သတ္တမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၆

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် အထက(၁) ကျောင်းသားဟောင်းများ၏ သတ္တမအကြိမ်မြောက်ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူအေးကျောင်းတိုက် မြတ်မင်္ဂလာကျောင်းတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေနှင့်သင်္ကန်းများကို ဆရာတော် ဦးဩဘာသ၊ မြတ်မင်္ဂလာကျောင်း ဖုန်း-၆၉၀၄၉၉၊ ဦးချိုအေး၊ ဦးအေးကိုဖုန်း-၆၉၉၅၁၁၊ ၆၉၉၅၁၈၊ ဦးစိုးသန်းဖုန်း-၅၅၈၆၉၈၊ ဦးဆုတင် (တသသ) ဖုန်း- ၃၈၀၄၉၉၊ ၃၈၄၀၀၈၊ ဦးကျော်ဆန်းထွန်း ဖုန်း-၇၀၀၁၆၄၊ ဦးဝင်းဖေ၊ ဦးအုန်းမြင့်(ထ/၁) ဖုန်း-၆၉၉၃၈၉နှင့် ဦးအောင်ကြည်မြင့် ဖုန်း-၂၅၆၃၉၉၊ ၆၉၉၇၉၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

စတုတ္ထအကြိမ် စာပေညီလာခံဂုဏ်ပြု ငွေလှူဒါန်း

ရန်ကုန် ဇွန် ၁၆

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် စာပေညီလာခံကို ဂုဏ်ပြုသောအားဖြင့် အလှူငွေနှင့် ပစ္စည်းများ ပေးပို့လှူဒါန်းလျက်ရှိရာ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီက ငွေကျပ်သုံးသိန်းနှင့် "မန္တလေးစာပေခရီးအမှတ်(၃)"စာအုပ်အတွက် ငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဒေါက်တာမောင်မောင် (မောင်ဆင်ခြင်)က လက်ခံရယူသည်။

ဂုဏ်ပြုလွှာ

အလားတူ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ရုံးသို့ နဝဒေးစာနယ်ဇင်းသမဝါယမအသင်းလီမိတက် ဥက္ကဋ္ဌ ဦးခင်လှိုင်(ချစ်မိုးညို) မိသားစု **(အောက်ပုံ)**က ငွေကျပ် နှစ်သိန်းခွဲ တန်ဖိုးရှိသုတရသစာအုပ်၂၅၀၊ စာရေးဆရာ မောင်နှင်းဆွေက ငွေကျပ် နှစ်သောင်း၊ လသာမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ကငွေကျပ်တစ်သောင်း၊ မအူပင်မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ကငွေကျပ်တစ်သောင်း၊ စာရေးဆရာ ရွှေဘိုဘာမထီခင်အောင်က ငွေကျပ်ငါးထောင်ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်(သန်းမောင်)နှင့် တာဝန်ရှိသူများက လက်ခံပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်သည်။

လှူဒါန်းနိုင်

လှူဒါန်းလိုပါက အမှတ်(၅၂၉) ကုန်သည်လမ်းနှင့် (၃၇)လမ်းထောင့်ရှိ စာပေဗိမာန် (ဒုတိယထပ်) ဖုန်း- ၂၅၂၄၁၇၊၂၅၄၁၇၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသတင်း ရရှိသည်။ **(သတင်းစဉ်)**

ငါးလုပ်ငန်းဦးစီးဌာနက ရေကြောင်းသတိပေးချက်ထုတ်ပြန်

ရန်ကုန် ဇွန် ၁၆

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEPI ကုမ္ပဏီတို့သည် မုတ္တမကမ်းလွန် လုပ်ကွက်အမှတ် (M-9)၌ ရေနံအစမ်းတွင်းများ တူးဖော်စမ်းသပ်ခြင်းလုပ်ငန်းများကို ရေနံတွင်းတူးစက် Doo Sung ဖြင့် ဇွန်၂၁ရက်မှ ၂၀၀၇ ခုနှစ် မတ်၃၁ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

ရေနံအစမ်းတွင်းများ စမ်းသပ်တူးဖော်မည့် အစမ်းတွင်းတည်နေရာအလိုက် အချိန်ကာလများမှ Zatila-1 အစမ်းတွင်း မြောက်လတ္တီတွဒ် ၁၄ဒီဂရီ၂၄မိနစ်၂၂ဒသမ၂၈၉စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ဒီဂရီ၅၄မိနစ် ၄၉ဒသမ၅၄၀စက္ကန့်တွင် ဇွန်၂၁ရက်မှ ဇူလိုင်၂၅ရက် အထိလည်းကောင်း၊ Zatila-2 အစမ်းတွင်း မြောက်လတ္တီတွဒ် ၁၄ဒီဂရီ၂၅မိနစ် ၂၈ဒသမ၃၇၇စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ဒီဂရီ၅၆မိနစ် ၃၄ဒသမ၇၇၆စက္ကန့်တွင် ဇူလိုင် ၂၆ရက်မှ စက်တင်ဘာ၂ရက်အထိလည်းကောင်း၊ Zatila-1A အစမ်းတွင်း မြောက်လတ္တီတွဒ်၁၄ဒီဂရီ၀၈မိနစ် ၃၆ဒသမ၂၂၆စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ၅၁မိနစ်၂၅ဒသမ၃၀၂စက္ကန့်တွင် နိုဝင်ဘာ၂၁ရက်မှ ဒီဇင်ဘာ ၂၀ရက်အထိလည်းကောင်း၊ Prospect-063အစမ်းတွင်း မြောက်လတ္တီတွဒ် ၁၄ဒီဂရီ၂၇မိနစ်၄၃ဒသမ၃၄၃စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ ၅၂မိနစ်၄၆ဒသမ၂၄၉ စက္ကန့်တွင် ဒီဇင်ဘာ၂၁ရက်မှ ၂၀၀၇ခုနှစ် ဇန်နဝါရီ၁၉ရက် အထိလည်းကောင်း၊ Prospect C-010 အစမ်းတွင်း မြောက်လတ္တီတွဒ် ၁၄ဒီဂရီ၂၄မိနစ်၃၀ဒသမ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ၀၁မိနစ်၄၄ဒသမ၅စက္ကန့်တွင် ၂၀၀၇ခုနှစ် ဇန်နဝါရီ၂၀ရက်မှ ဖေဖော်ဝါရီ၁၈ရက် အထိလည်းကောင်း၊ Zawtika -2 အစမ်းတွင်းမြောက်လတ္တီတွဒ် ၁၄ဒီဂရီ၀၁မိနစ်၄၃ဒသမ၁၀၈စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ၄၉မိနစ်၂၄ဒသမ၀၆၈စက္ကန့်တွင် ၂၀၀၇ခုနှစ် ဖေဖော်ဝါရီ၁၉ရက်မှ မတ်၃၁ရက် အထိဖြစ်သည်။

သို့ဖြစ်ပါ၍ ရေနံတွင်းတူးစက် Doo Sung ဖြင့် ရေနံအစမ်းတွင်းများ စမ်းသပ်တူးဖော်နေစဉ်ကာလအတွင်း လုံခြုံမှုနှင့်ဘေးအန္တရာယ်မရှိစေရေးနှင့် ရေနံတွင်းတူးစင် ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် ဖော်ပြပါတည်နေရာများ၌ ရေနံတွင်းတူးစက်မှ လေးကီလိုမီတာအတွင်းရေကြောင်းသတိပေးချက် (Notice to Mariner's) ကို ထုတ်ပြန်ထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများနှင့် စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ သတ္တရသမအစည်းအဝေးကျင်းပမည်

နေပြည်တော် ဇွန် ၁၆

ပဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ သတ္တရသမ အစည်းအဝေးကို ၁၃၆၈ခုနှစ် ဝါဆိုလဆန်း(၈၊၉)ရက်၊ ၂၀၀၆ခုနှစ် ဇူလိုင် ၂၊၃ရက်(တနင်္ဂနွေ၊ တနင်္လာနေ့)များတွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃ မဟာနာယကဆရာတော်ကြီးများကို ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာနာယကကျောင်းတော်ကြီးသို့ ၁၃၆၈ခုနှစ် ဝါဆိုလဆန်း၄ရက်(၂၀၀၆ခုနှစ် ဇွန်၂၈ရက်) ဗုဒ္ဓဟူးနေ့အရောက် ကြွရောက်တော်မူပါရန် ပင့်စာများဖြင့် ပင့်လျှောက်ထားပြီး ဖြစ်သည်။ ယင်းပင့်စာများအချိန်မီ မရောက်ရှိပါကလည်း အဆိုပါနေ့ရက်တွင် အရောက်ကြွရောက်တော်မူပါရန် ပင့်လျှောက်ပါကြောင်းဖြင့် သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

SSA-S(ရှက်ဆစ်)အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် ၎င်းတို့၏အမာခံများ အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့သတ်ဖြတ် ကျေးရွာသားများအား အတင်းအဓမ္မ လူသစ်စုဆောင်းလျက်ရှိ

ရန်ကုန် ဇွန် ၁၆

မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် ကြို့ကုန်းကျေးရွာနေ မသင်းခိုင်(၂၃)နှစ်(ဘ)ဦးပိုင်ကြီးနှင့် မချောစု(၁၇)နှစ်(ဘ) ဦးဘိုဝင်းတို့နှစ်ဦးသည် မေ ၂၀ရက်က သီပေါမြို့နယ်မန်ကျောင်းကျေးရွာသို့ ဆံပင်များသွားရောက်ဝယ်ယူရာမှ ပျောက်ဆုံးလျက်ရှိနေကြောင်းနှင့် ၎င်းကျေးရွာနေ မောင်ဌေးဝင်း(၂၇)နှစ်(ဘ)ဦးကျော်အေး၊ မသူဇာဝင်း(၂၇)နှစ်(ဘ)ဦးစံလောင်း၊ မဝါဝါရွှေ(၂၅)နှစ် (ဘ)ဦးစံလောင်းနှင့် မအေးအေးသင်း(၂၀)နှစ် (ဘ)ဦးစံလောင်းတို့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ကျေးရွာများသို့ ဆံပင်များလိုက်လံဝယ်ယူစဉ် ပျောက်ဆုံးလျက်ရှိနေကြောင်း တစ်ရွာတည်းနေ ဒေါ်အေးစန်း(၃၆)နှစ်(ဘ)ဦးပွကြီးက ဇွန် ၁၂ရက်တွင် သီပေါမြို့နယ် နမ့်လန်ရဲစခန်းသို့ လာရောက်၍ တိုင်တန်းခဲ့သည်။ အဆိုပါလူပျောက်မှုနှင့်ပတ်သက်၍ နမ့်လန်ရဲစခန်းမှူးနှင့်အဖွဲ့က နယ်မြေခံတပ်နှင့်အတူ ဇွန် ၁၅ရက်တွင် မန်ကျောင်းရွာသို့ သွားရောက်စုံစမ်းဖော်ထုတ်ခဲ့ရာ မသင်းခိုင်နှင့် မချောစုတို့အား သတ်ဖြတ်ရာတွင် ပါဝင်ကျူးလွန်ခဲ့သော ၎င်းကျေးရွာနေ အိုက်ပန်(၂၅)နှစ် (ဘ)ဦးအုန်းသန်း၊ ဦးစိန်လု(၃၅)နှစ်(ဘ)ဦးစံဝိ၊ အိုက်လျှန် (၂၀) (ဘ)ဦးစောအောင်နှင့် အိုက်လိတ်(ဘ)အမည် စိစစ်ဆဲတို့အား ဖမ်းဆီးရမိခဲ့သည်။ ၎င်းတို့၏ထွက်ဆိုချက်အရ မေ၂၈ရက်တွင် SSA-S (ရှက်ဆစ်) အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ စိုင်းခေါ်နှင့် မန်ကျောင်းကျေးရွာနေ အိုက်ပန်နှင့် စိန်လုတို့ သုံးဦးသည် မန်ကျောင်းရွာသို့ ဆံပင်များ လာရောက်ဝယ်ယူသူ မသင်းခိုင်နှင့် မချောစုတို့ နှစ်ဦးအား တပ်မတော်သတင်းပေးဟုဆိုကာ ဖမ်းဆီးကြိုးတုပ်၍ ရွာအရှေ့တောင်ဘက် တစ်မိုင်ခန့်အကွာရှိ အိုက်လျှန်၏ တောင်ယာတဲသို့ ခေါ်ဆောင်သတ်ဖြတ်ပြီး အလောင်းများအား နမ့်ကချောင်းဘေးတွင် မြှုပ်နှံခဲ့ကြောင်းဖော်ထုတ်ရရှိခဲ့သည်။

အလားတူမသင်းခိုင်နှင့် မချောစုတို့ မပျောက်ဆုံးမီ တစ်လခန့်က ပျော်ဘွယ်မြို့နယ် ကြို့ကုန်းကျေးရွာမှ မောင်ဌေးဝင်း၊ မသူဇာဝင်း၊ မဝါဝါရွှေနှင့် မအေးအေးသင်းတို့ လေးဦး ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ကျေးရွာများသို့ ဆံပင်များ လိုက်လံ ဝယ်ယူစဉ် ပျောက်ဆုံးလျက်ရှိနေမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာက ဆက်လက်စုံစမ်းဖော်ထုတ်လျက်ရှိသည်။

SSA-S(ရှက်ဆစ်) အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် တပ်မတော်မှ အကြောင်းအမျိုးမျိုးကြောင့် ခွင့်မဲ့ပျက်ကွက်ထွက်ပြေးသူတပ်မတော်သားအချို့အား ၎င်းတို့အဖွဲ့အတွင်း ဝင်ရောက်လာပါက လက်နက်နှင့်ပစ္စည်းများကို သိမ်းယူ၍ ၎င်းတို့အား မယုံကြည်ရသူများဖြစ်သည်ဟု ပြောဆိုကာ ညှဉ်းပန်းနှိပ်စက်ပြီး နှင်ထုတ်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် SSA-S (ရှက်ဆစ်) သောင်းကျန်းသူအဖွဲ့သည် နမ့်ဆန်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် အသက်၃၀အောက်ရှိ အမျိုးသားများနှင့် အမျိုးသမီးများအား လူသစ်အဖြစ် အတင်းအဓမ္မစုဆောင်းလျက်ရှိသဖြင့် ရွာသူရွာသားများက အထူးစိုးရိမ်ပူပန်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စိန်ရတနာနာရေးကူညီမှုအသင်း မဂ္ဂဇင်းထုတ်ဝေမည်

ရန်ကုန် ဇွန် ၁၆

အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် အင်းစိန်မြို့နယ် စိန်ရတနာ နာရေးကူညီမှုအသင်းတို့ ပူးပေါင်း၍ စိန်ရတနာ နာရေးကူညီမှုအသင်း မဂ္ဂဇင်းစာစောင် ထုတ်ဝေမည်ဖြစ်ရာ ဝတ္ထု၊ကဗျာဆောင်းပါးစာမူများကို ဇူလိုင်၃၁ရက် နောက်ဆုံးထား၍ အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံး(အင်းစိန် စုပေါင်းရုံးဝင်း)နှင့် စိန်ရတနာ နာရေးကူညီမှုအသင်း မာလာရာမကွက်သစ်ကျောင်းတိုက် ကွက်သစ်ရပ်ကွက် အင်းစိန် ဖုန်း-၆၄၄၄၀၃တို့သို့ ပေးပို့နိုင်ကြောင်း သိရသည်။ **(က-ပ)**

အရွယ်မရွေးကျန်းမာစေသည့်စားသောက်နည်း

ဒေါက်တာမြင့်မြင့်ဇင်
(အာဟာရ)

အာဟာရပြည့်ဝမျှတခြင်းသည် သက်တမ်းစေ့ အသက်ရှည်နေနိုင်ရေးနှင့် ရောဂါဘယကင်းရှင်းရေးတို့အတွက် အခြေခံ လိုအပ်ချက်ဖြစ်သည်။ အာဟာရ ပြည့်ဝစွာ မစားသုံးတတ်သဖြင့် ကြုံတွေ့ရသည့် အာဟာရချို့တဲ့မှု အမျိုးမျိုးသည် အထူးသဖြင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များအား ရောဂါအမျိုးမျိုးကို ခံစားရစေနိုင်ရုံမျှမက အသက်ဆုံးရှုံးသည်အထိ အန္တရာယ်ပေးနိုင်သည်။ အာဟာရမျှတစွာ မစားသုံးတတ်သဖြင့် ကြုံတွေ့ရတတ်သည့် အာဟာရလွန်ကဲမှုကလည်း ဝဖြိုးခြင်းနှင့် ဆက်နွယ်နေသော ဆီးချို၊သွေးချို၊ နှလုံးရောဂါများကိုဖြစ်စေပြီး သက်တမ်းစေ့မနေရအောင် ဒုက္ခပေးတတ်ပါသည်။ ရှေးလူကြီးသူမများက "မျက်စိအကျင့်ဝမ်းအချင့်"ဟု ဆိုဆုံးမစကားရှိသည်။ အစားအသောက်ကို ချင့်ချိန်တိုင်းထွာ စားသောက်တတ်ရန် ဆုံးမထား ခြင်းဖြစ်သည်။ ချင့်ချိန်တိုင်းထွာတတ်ရန်အတွက် အာဟာရနှင့်ပတ်သက်သည့် အသိပညာဗဟုသုတရှိရန် လိုပါသည်။

လူတို့၏ကျန်းမာရေးကို ကံ၊ စိတ်၊ ဥတုနှင့် အာဟာရတို့က လွှမ်းမိုးလျက်ရှိသည်ဟု တိုင်းရင်းဆေးပညာရှင်တို့ကဆိုသည်။ အာဟာရသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်သည်။ အနောက်တိုင်းဆေးပညာသဘောအရ အသက်အရွယ်၊ အလုပ်အကိုင်၊ အခြေအနေအလိုက် အာဟာရလိုအပ်ချက် ကွဲပြားခြားနားသည်။ အာဟာရကို လိုအပ်သလောက် မမှီဝဲလျှင် ရောဂါရမည်။ လိုအပ်သည်ထက် ပိုလွန်စားသုံးပါကလည်း လွန်ကဲသည့်အတွက် ရောဂါရမည်ဖြစ်သည်။

ပြည်သူလူထုများအတွင်း အာဟာရနှင့်ပတ်သက်သည့် အသိပညာများ ကျယ်ကျယ်ပြန့်ပြန့် သိနားလည်ကြပြီး ရွေးချယ်စားသောက်တတ်လာကြလျှင် မွေးစကလေးများ ထွားကျိုင်းသန်မာကြမည်။ ကလေးများနှင့် အပျိုဖော်ဝင်အရွယ် လူငယ်များအစွမ်းကုန် ဖွံ့ဖြိုးထွားကျိုင်းသန်မာမည်ဖြစ်သည်။ ထို့အတူ အာဟာရမမျှတဘဲ လွန်ကဲစွာ စားသုံးမှုများကြောင့် ဖြစ်ပွားသည့် အဝလွန်ရောဂါများ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုကဲ့သို့သောရောဂါများ ဖြစ်ပွားမှုများ လျော့နည်းလာပြီး ကျန်းကျန်းမာမာဖြင့် အသက်ရှည်ရှည် နေနိုင်ကြမည်ဖြစ်သည်။

မွေးစမှ ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းသာတိုက်ပါ

နို့တိုက်မိခင် အာဟာရပြည့်ဝအောင် စားပါ

မွေးစ ကလေးအရွယ်မှ သေဆုံးသည်အထိ အဆင့်ဆင့်ကြီးပြင်းလာရသည်။ သူ့အသက်အရွယ်အလိုက် စားသောက်သည့် အစာမတူသလို စားသောက်သည့် ပမာဏလည်းကွဲပြားသည်။ မွေးကင်းစ ကလေးငယ်၏ အစာမှာ မိခင်နို့ဖြစ်သည်။ မွေးစမှအသက် ခြောက်လအထိ မိခင်နို့ တစ်မျိုးတည်း တိုက်ကျွေးရုံဖြင့် အာဟာရလုံလောက်စွာ ရရှိသည်။ အသက်ခြောက်လ အောက်ကလေးငယ်အား အချို့က ထမင်းခွံ့တတ်ကြသည်။ ထိုအရွယ်တွင် အစာမကြေ ဝမ်းပျက်ဝမ်းလျှောဖြစ်တတ်ပြီး နို့စို့နည်းသွားစေနိုင်သဖြင့် ယင်းအကျင့်မျိုးကို ရှောင်ကြဉ်သင့်သည်။ မိခင်က ရင်သွေးငယ်အား နို့တိုက်ကျွေးရာတွင် မိခင်ရောကလေးပါ ကျန်းမာစွာရှိရန် မိခင်က အာဟာရပြည့်ဝ အောင်စားသုံးရန် လိုအပ်သည်။ မိခင်ကအစိုးရိမ်လွန်ပြီး အစားရှောင်ခြင်း၊ လျှော့စားခြင်းတို့ ပြုလုပ်ပါက မိခင်ရောကလေးပါ အာဟာရချို့တဲ့ပြီး ကလေးကြီးထွားမှုကို အဟန့်အတားဖြစ်မည်။ တချို့မိခင်များ၊ အဘိုးအဘွားများသည် ကလေးကို ကျန်းမာထွားကျိုင်းစေလိုဓောဖြင့် လူတို့လုပ်ထားသည့် နို့မှုန့်၊ နို့ဆီတို့ကို တိုက်ကျွေးတတ်ကြသည်။ ထိုပြုပြင်ထားသည့် နို့မှုန့်နှင့် နို့ဆီတို့သည် မိခင်၏ သဘာဝနို့ရည်ကဲ့သို့ သဘာဝအပူချိန်မဟုတ်သည့်အပြင် နို့ဦးရည်တွင်ပါသည့် ရောဂါအမျိုးမျိုးမှ ခုခံကာကွယ်နိုင်သည့် ကိုယ်ခံစွမ်းအားများ မပါရှိပါ။ တန်ဖိုးရှိလှသော ကာကွယ်ဆေးကဲ့သို့ အစွမ်းထက်သည့် နို့ဦးရည်ကို မွေးစကလေးအား တိုက်ကျွေးရပါမည်။ ကလေးငယ်အား မိခင်နို့တိုက်ကျွေးရာတွင် အချိန်ကန့်သတ်မထားဘဲ ကလေး ဆာတိုင်း တိုက်ကျွေးရမည်။ မြန်မာ့ဓလေ့ထုံးစံတစ်ခုဖြစ်သည့် နို့တိုက် မိခင်နို့ ပိုထွက်စေရန် ငါးနှင့် အရွက်မျိုးစုံပါသော ဟင်းခါးရည်ကို အဝသောက်ခြင်းသည် မိခင်အား အာဟာရဖြစ်စေသည်။ ကောင်းမွန်သော ဓလေ့ဖြစ်သည်။



အသက်ခြောက်လပြည့်ပြီးလျှင် မိသားစုအစာမှ ဖြည့်စွက်ကျွေးပါ

ကလေးအသက် ခြောက်လအရွယ်ရောက်သောအခါ မိခင်နို့တစ်မျိုးတည်းတိုက်ရုံနှင့် မလုံလောက်တော့ပါ။ အခြားအစာများ ဖြည့်စွက်ကျွေးမွေးရန်လိုအပ်လာသည်။ အိမ်မှမိသားစုများ စားသည့်အစာမှ ဟင်းသီးဟင်းရွက်၊ အသားငါး၊ ဥ စသည်တို့ကို ကျွေးမွေးရမည်။ ကလေးငယ်သည် တစ်ကြိမ်တည်း အများကြီးမစားနိုင်ပါ။ နည်းနည်းနှင့် ခဏခဏကျွေးရမည်။။ သို့မှသာ ကလေးသည် မိသားစုအစားအစာများကို စားသည့်အလေ့အကျင့်ရရှိသွားပြီး အာဟာရလည်း ပြည့်ဝမည်ဖြစ်သည်။

အာဟာရမျှတစုံလင်အောင်စားပါ
ဆီကို အလွန်အကျွံမစားသုံးပါနှင့်

မိသားစုများသည်လည်း အာဟာရဓာတ်မျှတ စုံလင်အောင် စားသုံးရမည်။ မြန်မာ့ရိုးရာ ထမင်းဝိုင်းတွင် သဘာဝအားဖြင့် အာဟာရဓာတ်ပြည့်စုံစွာပါရှိသည်။ အဓိကအစာမှာ ထမင်းဖြစ်သည်။ ထမင်းနှင့်အတူ အသားငါးတစ်မျိုးမျိုးကို ဟင်းအဖြစ်စားသုံးပြီး ဟင်းရန်များအဖြစ် ငါးပိရည်၊ ငါးပိထောင်း၊ ငါးပိချက်စသည်တို့နှင့် အသီးအရွက်များကို တို့စရာအဖြစ် တွဲဖက်စားသုံးသည့်အပြင် ကုလားပဲ၊ ပဲနီလေး၊ ပဲဝါလေး စသည့် ပဲအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်များကို ဟင်းချိုအဖြစ် လတ်ဆတ်စွာ စားသုံးသည့် အလေ့အထများ ရှိသည်။ ကျေးလက်ဒေသများတွင် ကိုယ်တိုင်စားခါနီးအချိန်တွင် ခူး၍ချက်တတ်ကြသည်။ ယင်းအလေ့အကျင့်များသည် ကောင်းမွန်သော အလေ့အကျင့်များဖြစ်ကြသည်။ ဟင်းချက်ရာတွင်လည်း ဆီကိုသုံး၍ ချက်ပြုတ်ကြရာ ကိုယ်ခန္ဓာနေ့စဉ် လှုပ်ရှားသွားလာမှုအတွက် လိုအပ်သည့် အင်အားဓာတ်ကို ထမင်းနှင့် ဆီမှရရှိသည်။ အင်အားကိုများစွာ အသုံးပြုရသည့် ကာယလုပ်သားများ၊ လှုပ်ရှားမှုများပြီး သွေးသားသစ်များ အစဉ် တည်ဆောက်နေသော ကလေးအရွယ်၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များသည် အင်အားဓာတ် ပိုမိုလိုအပ်သည်။ လှုပ်ရှားမှုနည်းသောလူကြီးအရွယ်တွင် အင်အားဓာတ် လိုအပ်ချက်နည်းသွားသည်။ ထိုအရွယ်များတွင် အင်အားဓာတ်လိုသည်ထက် ပိုစားပါက ဝလာတတ်ပြီး သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ အဆစ်ရောင်ရောဂါများ ဖြစ်လာနိုင်သည်။ ထို့ကြောင့် အသက်အရွယ်၊ အလုပ်အကိုင်နှင့် အခြေအနေအလိုက် အာဟာရလိုအပ်ချက် ကွဲပြားမှုကို သတိပြုစားသုံးရန် လိုအပ်သည်။ ဆီကို အလွန်အကျွံမစားသုံးရန် လိုအပ်သည်။ ဆီကိုအလွန်အကျွံစားသုံးခြင်းကြောင့် အဝလွန်ခြင်း၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ ကင်ဆာရောဂါ စသည့် ရောဂါများဖြစ်ပွားတတ်သည်။ အထူးသဖြင့် တိရစ္ဆာန်မှရသည့် ဝက်ဆီ၊ အမဲဆီ၊ ထောပတ်၊ ဒိန်ခဲ၊ မလိုင်တို့သည် လူကိုအန္တရာယ်ဖြစ်စေသည့် အဆီများဖြစ်ကြသဖြင့် ရှောင်ကြဉ်သင့်သည်။

ဖွံ့ဖြိုးမှုအများဆုံးဖြစ်သည့် နှစ်နှစ်အောက်နှင့် ပျိုဖော်ဝင်အရွယ်တွင် အာဟာရ ပြည့်ဝအောင်ကျွေးပါ

အသား၊ ငါး၊ ပဲအမျိုးမျိုး၊ ဥအမျိုးမျိုးနှင့် နို့တို့သည် ကိုယ်ခန္ဓာကို ကြီးထွားစေသည်။ ကလေးများနှင့် လူငယ်လူရွယ်များသည် သွေးသားသစ်များ တည်ဆောက်ကြီးထွားလျက်ရှိသဖြင့် အသားဓာတ်ပိုမို လိုအပ်သည်။ လူကြီးများမှာမူ နေ့စဉ် ပျက်စီးသွားသော ကလာပ်စည်းများအတွက်သာ အသားဓာတ်လိုအပ်သဖြင့် အသားဓာတ်လိုအပ်မှုနည်းသွားသည်။ ထို့ကြောင့် မိသားစုများအတွင်း ကလေးများနှင့် လူငယ်များအား အသားဓာတ်ပြည့်ဝအောင် ကျွေးမွေးခြင်းဖြင့် ကျန်းမာဖွံ့ဖြိုးသော လူငယ်များကို ရရှိမည်ဖြစ်သည်။ ကလေးအရွယ် အသက်နှစ်နှစ်အောက် အရွယ်တွင် ဖွံ့ဖြိုးမှုအများဆုံးဖြစ်ပြီး အပျိုဖော် လူပျိုဖော်ဝင်အရွယ်တွင် ဒုတိယအကြိမ် ဖွံ့ဖြိုးမှုအများဆုံးဖြစ်သဖြင့် ယင်းအရွယ်များတွင် အာဟာရပြည့်ဝအောင် ကျွေးမွေးခြင်းသည် လူငယ်များ၏ ကာယ၊ ဉာဏ၊ စိတ္တ အစွမ်းကုန်ကြီးထွားဖွံ့ဖြိုးမှုကို ရရှိစေနိုင်သည်။ နေ့စဉ်စားသုံးသောအစားအစာတွင် အင်အားအတွက် ထမင်းနှင့်ဆီ လုံလောက်စွာ မပါရှိပါက အသားဓာတ်ကိုလောင်စာအဖြစ် အသုံးပြုသဖြင့် ကိုယ်ခန္ဓာသည် ပိန်ချုံးလာလေသည်။ ထို့ကြောင့် ကိုယ်ခန္ဓာကြီးထွား ဖွံ့ဖြိုးသောအရွယ်တွင် အင်အားဓာတ်ကိုလည်း လုံလောက်စွာ စားသုံးရန် လိုအပ်သည်။ မြန်မာ့ဓလေ့ ထုံးစံအတိုင်း ကလေးငယ်အား ထမင်းဆီဆမ်း ကျွေးသည့်အပြင် ငါး၊ ကြက်ဥ၊ ဘဲဥ တို့ကိုလည်း ထည့်သွင်းကျွေးမွေးရမည်။ အသားငါးကျွေးခြင်းကြောင့် သန်ထတတ်သည်ဟု ထင်မြင်ယူဆနေကြခြင်းသည် မှားယွင်းသည့် အယူအဆတစ်ခုဖြစ်သည်။ ကျွေးမွေးသူတစ်ကိုယ်ရည်သန့်ရှင်း ရေးညံ့ဖျင်းမှု၊ အစားအစာမသန့်ရှင်းမှုတို့ကြောင့်သာ သန်ထခြင်း၊ ဝမ်းပျက်ဝမ်းလျှောခြင်း ဖြစ်တတ်သည်။

ဟင်းသီးဟင်းရွက်ပုံ

အသက်အရွယ်မရွေး အသီးအရွက်များကို စားသုံးသင့်သည်။ အသီးအရွက်များတွင် ရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်သည့်ဗီတာမင်ဓာတ်များပါရှိသည်။ အသီးအရွက်များကို သန့်ရှင်းသည့် ရေဖြင့်သေချာစွာ ဆေးကြောသင့်သည်။ သို့မှသာ ပိုးသတ်ဆေးများ၊ ဓာတ်မြေသြဇာများ ဖျန်းထားပါက စင်ကြယ်သွားမည်ဖြစ်သည်။ အထူးသဖြင့် အစိမ်းစားသည့် အသီးအရွက်များကို ပိုမိုသတိထား၍ ဆေးကြောရမည်။ စိမ်းလန်းသောဟင်းသီးဟင်းရွက်များ ဖြစ်သည့် ကန်စွန်းရွက်၊ ဒန့်သလွန်ရွက်၊ ဟင်းနုနယ်ရွက်၊ မြင်းခွာရွက်၊ ဆလတ်ရွက် စသည်တို့တွင် မျက်စိအားကောင်းစေသည့် ဗီတာမင်အေ၊ သွေးအားကောင်းစေသည့် သံဓာတ်၊ သားဖုံးနှင့်အရေပြားတို့ ကောင်းစေသည့် ဗီတာမင်စီဓာတ်တို့ ပါဝင်သဖြင့် အစိမ်းရောင်ရှိသည့် အသီးအရွက်များကို စားသုံးခြင်းသည် ကျန်းမာရေးကို များစွာအထောက်အကူဖြစ်စေသည်။ ထို့အတူ ခရမ်းချဉ်သီး၊ ခဝဲသီး၊ ရုံးပတီသီး၊ ပဲစောင်းလျားသီး၊ ဒန့်သလွန်သီးစသည့် အသီးများသည်လည်း အရသာအမျိုးမျိုးပေးသည့်အပြင် ဗီတာမင်ဓာတ်၊ သတ္တုဓာတ်စသည့် အာဟာရများ ပါရှိသည်။ ငှက်ပျောသီး၊ သင်္ဘောသီး၊ သရက်သီး၊ မာလကာသီးတို့သည်လည်း အစိမ်းစားသောအသီးများဖြစ်၍ ဗီတာမင်ဓာတ်များကိုရရှိသည်။

မလှီးမဖြတ်မီ ရေဖြင့် စင်ကြယ်အောင်ဆေးပါ

အသီးအရွက်များကို ချက်ပြုတ် ပြင်ဆင်ရာတွင် အာဟာရဓာတ်များ မပျက်စီးအောင် ချက်ပြုတ်ရန် လိုအပ်သည်။ အချို့ဗီတာမင်ဓာတ်များသည် ချက်ပြုတ်လျှင် ပျက်စီး နိုင်သည်။ အသီးအရွက်များကို ဆေးကြောရာတွင် မလှီးမဖြတ်ခင် ဆေးကြောရမည်။ သို့မှသာ ရေတွင်ပျော်ဝင် နိုင်သည့် ဗီတာမင်များ ဆုံးရှုံးမှုမှ ကာကွယ်နိုင်မည်ဖြစ်သည်။ အသီးအရွက်များကို ပြုတ်ရာတွင်လည်း ဆူနေသောရေတွင် အဖုံးအုပ်၍ ပြုတ်ရမည်။ ကြာရှည် မပြုတ်ရပါ။ အသားငါးတို့နှင့် အသီးအရွက်များကို ရော၍ချက်လျှင် အသားငါးကျက်ခါနီးမှ အသီးအရွက်ကို ထည့်ရပါမည်။ သို့မဟုတ်ပါက အသီးအရွက်များ အကျက်လွန်ပြီး အာဟာရတန်ဖိုး ရှိမည်မဟုတ်တော့ပါ။



ဆူနေသောရေတွင် အဖုံးဖုံး၍ ပြုတ်ပါ၊ ကြာရှည်မပြုတ်ရ

အကြောင်းအမျိုးမျိုးကြောင့် အသားရှောင်သူများရှိသည်။ အသားရှောင်လျှင် အစားထိုးအသားဓာတ်ရအောင် ပဲအမျိုးမျိုး၊ ပဲပုပ်၊ တိုဟူး၊ နို့စသည်တို့ကိုစားရမည်။ အသားငါးမှရသည့် အသားဓာတ်လောက် အာဟာရဓာတ်မပြည့်သော်လည်း အသားဓာတ်ကိုရရှိစေသဖြင့် အစားထိုး

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

လူမှုဝန်ထမ်းသင်တန်းများနှင့်မသန်စွမ်းသက်ကြီးသင်တန်းကျောင်း ဘီးတပ်ကုလားထိုင်နှင့်အဝတ်အထည်များပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၁၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်းသို့ သွားရောက်ရာ ကျောင်းဧည့်ခန်းမ၌ ကျောင်းအုပ်ဆရာမကြီးဒေါ်ထွေးမြင့်က ကျောင်း၏နောက်ခံသမိုင်း၊ သင်ကြားလေ့ကျင့်ပေးမှုဆိုင်ရာကိစ္စရပ်များကိုရှင်းလင်းတင်ပြပြီး လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ မသန်စွမ်းသက်ကြီး သင်တန်းကျောင်းမှ ကျောင်းအုပ်ဒေါ်ခင်မေသန်းက သင်ကြားလေ့ကျင့်ပေးမှုဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးဦးမောင်မြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် လူမှုဝန်ထမ်းအတတ်သိပ္ပံကျောင်း၌ ဖွင့်လှစ်ထားသော လူမှုဝန်ထမ်းသင်တန်းများနှင့် မသန်စွမ်းသက်ကြီးသင်တန်းကျောင်း၌ ဖွင့်လှစ်ထားသော ကွန်ပျူတာသင်တန်း၊ ပိုးဇာပုံနှိပ်သင်တန်း၊ ဆံသသင်တန်း၊ စက်ချုပ်သင်တန်း၊ ဓာတ်ပုံသင်တန်းနှင့် ရေဒီယိုအီလက်ထရွန်နစ်သင်တန်းများကို ကြည့်ရှုစစ်ဆေးပြီး မသန်စွမ်းသူ သင်တန်းသားများအနက် မသန်စွမ်းသူ လေးဦးတို့အား ဘီးတပ်ကုလားထိုင်လေးစီးနှင့် သင်တန်းများအတွက် အဝတ်အထည်များကို တစ်ဦးချင်းပေးအပ်လှူဒါန်း၍ **(အောက်ပုံ)** မသန်စွမ်းစစ်သည်များနှင့် မသန်စွမ်းသင်တန်းသားများအား အားပေးစကားပြောကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ပျဉ်းမနားတပ်နယ် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် တက်ရောက်အားပေး

နေပြည်တော် ဇွန် ၁၆

နေပြည်တော်တိုင်းစစ်ဌာနချုပ် ပျဉ်းမနားတပ်နယ်ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲကို ဇွန် ၁၁ ရက် နံနက် ၈ နာရီက ပျဉ်းမနားတပ်နယ်စိုက်ကွင်း၌ကျင်းပသည်။ အခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ဇနီး၊ တပ်နယ်တပ်ရင်း တပ်ဖွဲ့များမှ အရာရှိစစ်သည်မိသားစုဝင်များ၊ ပျဉ်းမနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးခြင်း၏ အကျိုးသက်ရောက်မှုများနှင့် မိသားစုဝင်ငွေတိုးတက်ရရှိနိုင်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဒေါ်အေးအေးမြင့်က ခြံစည်းရိုးကြက်ဆူစိုက်ပျိုးမှုနည်းစနစ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးနှင့်ဇနီးတို့က ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးကြပြီး**(အပေါ်ပုံ)**တက်ရောက်လာကြသူများ၏ ခြံစည်းရိုးကြက်ဆူပင် စုစုပေါင်း ၃၆၀၀၀ကို တပျော်တပါး စုပေါင်းစိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာမျက်နှာ ၁၀ ဆောင်းပါးမှ

စားပေးရပါမည်။ သို့မဟုတ်ပါက သွေးအားနည်းခြင်း၊ အသားဓာတ်နည်း၍ ကိုယ်ခံအားနည်းခြင်း၊ ဖောရောင်ခြင်းများ ဖြစ်တတ်သည်။

အသက်အရွယ်ကြီးရင့်သူများသည် များများမစားနိုင်၍ နည်းနည်းစားရုံနှင့် အာဟာရပြည့်ဝစေနိုင်သည့် အစားအစာများကို ရွေးချယ်ပြီး စားသောက်ရန်လိုအပ်သည်။ မကြာခဏစားပေးရန်လည်းလိုသည်။ အရသာလည်းရှိပြီး အာဟာရဓာတ် လုံလောက်စွာ ရရှိစေရန် ရွေးချယ်ပြင်ဆင် ချက်ပြုတ်ရန် လိုသည်။

အချို၊ အဆီနှင့် အဆီအဆိမ့်များသည့် အစားအစာများ အလွန်အကျွံမစားပါနှင့်

အစားအစာကဲ့သို့ပင် ရေသောက်ခြင်းသည်လည်း အရေးကြီးသည်။ အချို့လူငယ်များသည် ရေအစား အချိုရည်များကို သောက်လာကြသည်။ ယင်းအချိုရည်များတွင် ပါသော သကြားမှ အင်အားဓာတ်ကိုဖြစ်စေရာ အင်အားဓာတ် အလွန်အကျွံရနေခြင်းကြောင့် ကိုယ်အလေးချိန်တိုးပြီး လူကို ဝစေသည်။ ထို့ကြောင့် အချိုရည်များများသောက်သုံးခြင်းကို ရှောင်ကြဉ်သင့်သည်။ ထို့အတူ အချိုဓာတ်၊ ဆီ၊ ထောပတ်၊ မလိုင်စသည်တို့ ပါဝင်သော သရေစာများဖြစ်သည့် ကိတ်မုန့်၊ ရေခဲမုန့်၊ ချောကလက်၊ အာလူးကြော်၊ ဆီကြော်မုန့်များ အလွန်အကျွံစားသုံးခြင်းကြောင့် အဝလွန်ခြင်း၊ သွေးတွင်း အဆီဓာတ်များခြင်းတို့ဖြစ်ကာ နောက်ဆက်တွဲရောဂါများ ဖြစ်ပွားစေသည်။ ထို့အတူ အန္တရာယ်ကင်းသည့် အစားအစာများကို ရွေးချယ် စားသောက်တတ်ရန် လိုသည်။ အရောင်လှစေရန်နှင့် တာရှည်ခံစေရန် ဆိုးဆေးများ၊ အခြားဆေးဝါးများဖြင့် ပြုပြင်ထားသည့် အစားအစာများကို ရှောင်ရှားကြရန်လိုသည်။ အသားငါးများ အရောင်လှစေရန် သွေးရောင်ရဲရဲ ဆိုးဆေးများ သုတ်လိမ်းရောင်းချသည့် အသားများ၊ ဆေးဆိုးထားသည့် မှျစ်၊ လက်ဖက်၊ လက်ဖက်ရည် စသည့်အစားအစာများကို ကလေးဘဝမှစ၍ ရှောင်ကြဉ်ရန်လိုအပ်ပါမည်။ဟင်းချိုမှုန့်ကဲ့သို့ ကျန်းမာရေးကို ထိခိုက်စေသည့်အရာကိုလည်း ရှောင်ကြဉ်ရပါမည်။ ထို့အတူ ရောဂါများမှ ကာကွယ်ပေးမည့် အိုင်အိုဒင်းဆားကိုလည်း အသုံးပြုရန်လိုသည်။

လူတို့အသက်ရှင်နေထိုင်ရေးအတွက် အစားအစာများ စားသောက်ရာတွင် လိုအပ်သည်များကို ပါအောင်၊ မလိုအပ်သည်များကို မပါအောင်နှင့် တန်ဖိုးသင့်တင့်စွာဖြင့် မိမိတို့ဒေသတွင် အလွယ်တကူရရှိနိုင်သည့် အစားအစာများကို အသိဉာဏ်နှင့်ယှဉ်၍ ရာသီအလိုက် ရွေးချယ်စား သောက်ခြင်းဖြင့် အသက်အရွယ်မရွေး ကျန်းမာသက်ရှည်အောင် နေထိုင်သွားနိုင်ကြမည် ဖြစ်ပါသည်။ ။

နိုင်ငံခြားဇာတ်ကားများ အရှိန်အဟုန်ကောင်းနေဆဲ မြန်မာဇာတ်ကား တောင်သမန်သစ္စာ တစ်ကားတည်းဆက်လက်ပြသ

ရန်ကုန် ဇွန် ၁၆

ယခုသောကြာပတ်အထိ မြန်မာဇာတ်ကားသစ်များ ရုံဝင်လာခြင်းမရှိဘဲ နိုင်ငံခြားဇာတ်ကားများသာ အရှိန်အဟုန်ကောင်းကောင်းဖြင့် ဆက်လက်ပြသနေဆဲဖြစ်သည်။

သမ္မတရုံတွင် The Legend of Zorro ပြသနေပြီး သွင်ရုံတွင် The Cave ဇာတ်ကား ပြန်လည်ရုံဝင်လာသည်။ မင်္ဂလာရုံတွင် Seven Swords ဓားသမားခုနစ်ယောက်နှင့် နေပြည်တော်ရုံတွင် Poseidon ဖြင့် ဖျော်ဖြေလျက်ရှိသည်။

တောင်သမန်သစ္စာ

လှိုင်ရုပ်ရှင်ထုတ်လုပ်ရေးမှ နွေးနွေးလှိုင်စီစဉ်သည့် **တောင်သမန်သစ္စာ** ဇာတ်ကားမှာ ရွှေ့ဆောင်၊ ဝဇီရာ၊ ရွှေဗဟို၊ ဘုရင့်နောင်၊ ဧရာဝတီရုံများတွင် ဆက်လက်ပြသလျက်ရှိသည်။

တောင်သမန်သစ္စာမှ ရဲအောင်နှင့် နဝရတ်။

ကလျာ(ဝိဇ္ဇာ၊သိပ္ပံ)၏ ဝတ္ထုကို ဇော်မြင့်ဦး ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ အကယ်ဒမီ မောင်နန္ဒ နောက်ဆုံးရိုက်ကူးသည့် ဇာတ်ကားဖြစ်သည်။ **တောင်သမန်သစ္စာ**တွင် ရန်အောင်၊ ရဲအောင်၊ ဒွေး၊ မေသန်းနု၊ နန္ဒာလှိုင်၊ နဝရတ်တို့က ဇာတ်ရုပ်ပီပီပြင်ပြင် အချိတ်အဆက်မိမိဖြင့် ပါဝင်သရုပ်ဆောင်ထားသည်။

ဆုထူးပန်ရုံတွင် အိန္ဒိယမင်းသား ရှရီးကာပူးလ်၊ အဂျေးဒေ့ဗ်ဂန်နှင့် မင်းသမီးချော ကာဂျိုးလ်တို့ခေါင်းဆောင်ပါဝင်ထားသည့် Raju Cha Cha ဇာတ်ကား ရုံဝင်လာသည်။ သူဌေးကြီး၏ ပစ္စည်းဥစ္စာများကို အပိုင်စီးလိုသူများက သူဌေးကြီး၏ကလေးများကို အုပ်ထိန်းခွင့်ရရန် ကြိုးစားကြရာမှ အချင်းချင်း အဝေမတည့်ဖြစ်ကာ ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်ကြပုံများကို ဇာတ်လမ်းဆင်ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

အလီဘာဘာနှင့် ခိုးသား ၄၀

ရွှေဂုန်ရုံ အပေါ်ထပ်တွင် Unlawful Entry အက်ရှင်ဇာတ်ကား ပြသနေပြီး မြေညီထပ်တွင် အလီဘာဘာနှင့် ခိုးသား၄၀အိန္ဒိယဇာတ်ကား ရုံဝင်လာသည်။ မြို့မရုံတွင် အင်္ဂလိပ်စာတန်းထိုး အိန္ဒိယဇာတ်ကား AAn ပြသလျက်ရှိသည်။

ကျားတို့၏မာယာ

ဒါရိုက်တာ ကိုအောင်မင်းသိမ်း၏ **ကျားတို့၏မာယာ** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ ဇွန်၁၆ရက်တွင် မဟာမြိုင်ရုံ၊ ဇွန်၂၃ရက်တွင် စံပြ၊ သီတာ၊ ရွှေမန်းနှင့် ဇွန်၃၀ရက်တွင် နဝဒေး၊ ရွှေဗဟို၊ ဘုရင့်နောင်၊ ဧရာဝတီရုံများတွင် ရုံဝင်လာမည်ဖြစ်သည်။

ကျားတို့၏မာယာမှ ဇာတ်ဝင်ခန်းတစ်ခန်း။

ကျားတို့၏မာယာမှာ အိမ်ထောင်ရေး ပညာပေးဇာတ်ကားဖြစ်သည်။ စီးပွားရေးအောင်မြင်မှု ရလာသော လူငယ်များအနေဖြင့် ပြင်ပတွင် သာယာမှုရှာဖွေမိပါက မိသားစုအတွင်း အိမ်ထောင်ရေး၊ လူမှုရေးပြဿနာများ ဖြစ်ပေါ်တတ်ကြောင်း သင်ခန်းစာပေးထားသော ဇာတ်ကားဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

ရုပ်ရှင်သတင်းထောက်

ဂါနာနှင့်အမေရိကန် အိမ်ပြန်ချိန် နီးကပ်လာပြီလား

ရန်ကုန် ဇွန် ၁၆

၂၀၀၆ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်များ ယှဉ်ပြိုင်ကစားလျက်ရှိရာ အိမ်ရှင်ဂျာမနီ၊ အီကွေဒေါနှင့် အင်္ဂလန်တို့ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်များသို့တက်ရောက်သွားကြပြီဖြစ်သည်။ ဇွန် ၁၇ရက်နှင့် ၁၈ရက်တို့တွင် အုပ်စုဒုတိယ ပွဲစဉ်များအဖြစ် အုပ်စု(ဃ)မှ ပေါ်တူဂီနှင့်အီရန်၊ အုပ်စု(င)မှ ချက်နှင့် ဂါနာ၊ အီတလီနှင့် အမေရိကန်တို့ ဆက်လက် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ပေါ်တူဂီနှင့်အီရန်

ဇွန် ၁၇ရက် **(ယနေ့)** မြန်မာစံတော်ချိန် ည၇နာရီခွဲတွင် ဖရန့်ဖတ်မြို့ရှိ Commerzbank Arena အားကစားကွင်း၌ အုပ်စု(ဃ)မှ ပေါ်တူဂီနှင့် အီရန်အသင်းတို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ပွဲဦးထွက်အနိုင်သုံးမှတ်ရထားသော ပေါ်တူဂီအသင်းနှင့် ရှုံးပွဲကြုံထားသော အီရန်အသင်းတို့၏ ပွဲစဉ်မှာ ဘောလုံးစကားအရပြောလျှင် အပေါ်သင်းနှင့် အောက်အသင်း ပွဲစဉ်ဟု ဆိုရမည်ဖြစ်သည်။ ထူးခြားချက်မှာ နည်းပြနှစ်ဦးစလုံး မီဒီယာများ၏ ဝေဖန်ပြစ်တင်မှုနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

ပေါ်တူဂီအသင်းသည် ပွဲဦးထွက်၌ အင်ဂိုလာအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထား၍ အုပ်စုတက်ရန် အလားအလာ ကောင်းနေသည်။ ပေါ်တူဂီမှကွင်းလယ်ဖန်တီးရှင် လူးဝစ္စဖီဂို ခြေစွမ်းပြကစားနိုင်ခဲ့ရာ ပွဲစဉ်အလိုက် အကောင်းဆုံးဆုရရှိခဲ့သည်။ ပေါ်တူဂီအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲစပြီး ၄မိနစ်အကြာတွင် တိုက်စစ်မှူး ပေါ်လက်တာက သွင်းယူခဲ့ခြင်းဖြစ်သည်။ ပေါ်လက်တာသည် ခြေစစ်ပွဲစဉ်များ၌ ၁၁ဂိုးသွင်းယူခဲ့ရာ ပေါ်တူဂီအသင်းအတွက် ဂိုးအများဆုံး သွင်းယူပေးခဲ့သူဖြစ်သည်။ ပေါ်တူဂီအသင်းသည် ခြေစစ်ပွဲစဉ်များ၌ ဂိုးအများဆုံး သွင်းယူနိုင်ခဲ့သည့် အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သော်လည်း အာဖရိကတိုက်မှ မျက်နှာသစ် အင်ဂိုလာအသင်းကို တစ်ဂိုးဖြင့်သာကပ်နိုင်ခဲ့၍ ပေါ်တူဂီမီဒီယာများ၏ ဝေဖန်ရေးသားခြင်းကို ခံနေရသည်။

စကိုလာရီ

ပေါ်တူဂီနည်းပြ စကိုလာရီက ပေါ်တူဂီသတင်းစာများ၏ အလွန်အကျွံရေးသားမှုများနှင့် ပတ်သက်၍ "အမြဲလိုလိုမကောင်းမြင်သည့်ဘက်မှကြည့်၍ရေးနေကြကြောင်း၊ ပေါ်တူဂီက ငါးဂိုးပြတ်နိုင်သည်ဆိုသော အဖြေကိုသာအလိုရှိနေပုံရကြောင်း၊ နောက်ထပ်ကစားရမည့်ပွဲအတွက် မည်သို့ပြင်ဆင်ရမည်မှာ အရေးကြီးကြောင်း" တုံ့ပြန်ပြောကြားခဲ့သည်။ ဆွီဒင်အသင်းသည် ကမ္ဘာ့အကောင်းဆုံးအသင်းများထဲ၌ ပါဝင်သော်လည်း ထရီနီဒက်ကို သရေကျခဲ့သည်ကို ထောက် ပြပြီး အဖော်ညှိခဲ့သေးသည်။ စကိုလာရီက သမ္မာရင့် နည်းပြတစ်ဦးပီပီ အရေထူနေပြီဖြစ်ရာ ဝေဖန်မှုများအပေါ် သိပ်အာရုံစိုက်နေမည် မဟုတ်ပေ။ ဘရာဇီးအသင်းကို ကိုင်တွယ်စဉ်ကလည်း ယခုကဲ့သို့ ဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရပြီး ချန်ပီယံဖြစ်မှသာ ဝေဖန်မှုများ ရပ်သွားခြင်းဖြစ်သည်။

အင်ဂိုလာနှင့်ပွဲတွင် ပေါ်တူဂီဂိုးအရနည်းသော်လည်း ခြေစွမ်းပြနိုင်ခဲ့ပါသည်။ ဒုတိယပိုင်း ဂိုးထပ်မရခဲ့ခြင်းမှာ ပြောစရာရှိသော်လည်း အဖွင့်ပွဲစဉ်များ၌ ထိန်းထိန်းသိမ်းသိမ်းကစားလေ့ရှိခြင်းနှင့် ရစ်သမ်မမှန်သေးခြင်းကြောင့်လည်း ဖြစ်သည်။ စကိုလာရီမှာ တိုက်စစ်အားသန်သူဖြစ်၍ နောက်လာမည့်ပွဲစဉ်များ၌ ဂိုးသွင်းအားကောင်းလာနိုင်သည်။ ပေါ်တူဂီအသင်းတွင် အလယ်တန်းလူ ဒေကို ဒဏ်ရာကြောင့် မပါဝင်နိုင်ခြင်းမှာလည်း တိုက်စစ်အားပျော့ခဲ့ရသည်။ ပေါ်တူဂီအသင်းကို ပြောစရာရှိသည်မှာ ပွဲချိန်ကြာလာသည်နှင့်အမျှ ကစားသမားများကြံ့ခိုင်မှုကျဆင်းသွားသည့် အချက်ပင် ဖြစ်သည်။ ယခုအခါ ဒေကို လေ့ကျင့်ခန်းပြန်ဆင်းနေပြီဖြစ်၍ အီရန်နှင့်ပွဲစဉ်၌ ပါဝင် ကစားနိုင်မည် ဖြစ်ကြောင်း သိရသည်။

အီရန်အသင်း

အီရန်အသင်းသည် မက္ကဆီကိုအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့ရာ အုပ်စုတက်ရန် အခွင့်အလမ်းနည်းသွားပြီဖြစ်သည်။ ယခုပွဲနိုင်မှသာ မျှော်လင့်ချက် ထားနိုင်မည်ဖြစ်သော်လည်း သရေရအောင်ပင်မနည်းကစားရမည့် အခြေအနေ ဖြစ်နေသည်။ အီရန်အသင်းသည် မက္ကဆီကိုအသင်းကို ပထမပိုင်း၌ ခြေရည်တူကစားနိုင်ခဲ့သော်လည်း ဒုတိယပိုင်း၌ ပြုတ်ကျသွားပြီး နှစ်ဂိုးအသွင်းခံလိုက်ရသည်။ ရှေ့တန်း၌ ဝါရင့်တိုက်စစ်မှူး အလီဒါယီကို ပွဲချိန်ပြည့်ထုတ်သုံးခဲ့သော်လည်း ခြေစွမ်းပျောက်နေခဲ့သည်။ အာရှတိုက်မှအသင်းများသည် ပွဲပြီးကာနီး နောက်ပိုင်းအချိန်များ၌ အာရုံစူးစိုက်မှုနည်းသွားသည်ကို သတိထားမိသည်။ ဂျပန်အသင်းသည် တစ်ဂိုးအသာရနေပြီးမှပွဲပြီးခါနီးအချိန်ပိုင်း၌သြစတြေးလျအသင်းကို သုံးဂိုး ပြန်ပေးခဲ့ရသည်။ ဆော်ဒီအာရေဗျအသင်းသည် တူနီးရှားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နိုင်ပြီးမှ ပွဲပြီးခါနီး တစ်ဂိုး ပြန်ပေးရပြီး သရေကျသွားခဲ့သည်။

အီရန်အသင်းနည်းပြ အိုင်ဗန်ကိုဗစ်အား အီရန်မီဒီယာများက ပြင်းထန်စွာ ဝေဖန်ရေးသားလျက် ရှိသည်။ နည်းပြ အိုင်ဗန်ကိုဗစ်သည် လူငယ်ခြေတက်များကိုပွဲထုတ်ရန် ဝန်လေးခဲ့ပြီး ဘွန်ဒက်စ်လီဂါ၌ ကစားနေသူများကိုသာ အားထားခဲ့ကြောင်း၊ ဘွန်ဒက်စ်လီဂါ၌ ကစားနေသူများကလည်း မက္ကဆီကိုနှင့်ပွဲတွင် မည်သို့မျှ မစွမ်းဆောင်နိုင်ခဲ့ကြောင်း၊ ရှေ့တန်း၌ ခြေစွမ်းမပြနိုင်သည့် တိုက်စစ်မှူး အလီဒါယီကို ပွဲချိန်ပြည့် အသုံးပြု ခဲ့ခြင်းမှာ မှားယွင်းကြောင်း၊ ဒုတိယပိုင်း၌ အီရန်အသင်း ဖိအားများစွာနှင့် ရင်ဆိုင်ခဲ့ရခြင်းကို နည်းပြအိုင်ဗန်ကိုဗစ် ကုစားနိုင်ခဲ့ခြင်းမရှိကြောင်း ဝေဖန်ရေးသားခဲ့ကြသည်။ အီရန်တိုက်စစ်မှူး အလီဒါယီသည် ကျောဒဏ်ရာကြောင့် လေ့ကျင့်ခန်းပင်မဆင်းနိုင်ရာ ပေါ်တူဂီပွဲ လွဲချော်မည်ဖြစ်သည်။ အလယ်တန်းမှ အားထားရသော ကာရီမီကလည်း ဒူးဒဏ်ရာရရှိထားရာ အီရန်အသင်း အားနည်းနေသည်။

အီရန်အသင်းနည်းပြ အိုင်ဗန်ကိုဗစ်သည် မက္ကဆီကိုနှင့် ပွဲမတိုင်မီကပင် အီရန် မီဒီယာများ၏ ဝေဖန်ပြစ်တင်မှုကို ခံနေရခြင်းဖြစ်ရာ ကမ္ဘာ့ဖလားပွဲအပြီးတွင် နုတ်ထွက်ရန်ဆုံးဖြတ်ထားပြီး ဖြစ်သည်။ ယခုပွဲစဉ်၌ မီဒီယာများက မည်သို့ပင်ဝေဖန်သည်ဖြစ်စေ ပရော်ဖက်ရှင်နယ် နည်းပြပီပီ သူ့စိတ်ကြိုက် လူစာရင်း၊သူ့ စိတ်ကြိုက် နည်းဗျူဟာကိုပင် ချမှတ်ဖွယ်ရှိသည်။ ပေါ်တူဂီအသင်း၌ ဒေကို ပါဝင်လာမည်ကလွဲ၍ အပြောင်း အလဲ ရှိမည်မဟုတ်ပေ၊ ရှေ့တန်း၌ ဘိုအာမော်တီ(ဖူဟမ်)၊ ပိုစတီဂါ(စိန့် ဒက်တီယန်)တို့ ရှိနေသေးရာ ပေါ်လက်တာ ဂိုးမရလျှင် လူစားဝင်နိုင်သည်။ စီရိနယ်ဒိုနှင့် ဖီဂိုတို့ကလည်း ဂိုးသွင်းခြေရှိကြရာ ပါးပါးလေးပဲ နိုင်မလား၊ ထူထူကြီးပဲနိုင်မလား ပေါ်တူဂီနိုင်မှာကတော့ သေချာနေပါသည်။

ချက်နှင့်ဂါနာ

ဇွန် ၁၇ရက် **(ယနေ့)** မြန်မာစံတော်ချိန် ည ၁၀နာရီခွဲတွင် ကိုလုံးမြို့ရှိ Rhein Energie Stadion အား ကစားကွင်း၌ အုပ်စု(င)မှ ချက်အသင်းနှင့် ဂါနာအသင်းတို့ ယှဉ်ပြိုင်ကစားကြ မည်ဖြစ်သည်။ ပွဲဦးထွက်ဂိုးပြတ်အနိုင်ရရှိခဲ့သော ချက်အသင်းနှင့် မျက်နှာသစ် ဂါနာအသင်းတို့၏ ပွဲစဉ်မှာ ကမ္ဘာ့အဆင့်သတ်မှတ်ချက်အရ ကွာခြားသော်လည်း အကြိတ်အနယ်ရှိမည့် ပွဲကောင်း တစ်ပွဲဖြစ်သည်။ ချက်အသင်း၏ လက်ရှိကမ္ဘာ့အဆင့်က(၂)၊ ဂါနာအသင်း၏ လက်ရှိကမ္ဘာ့အဆင့်က (၄၈)ဖြစ်သည်။

နာမည်ကြီးကစားသမားများပါဝင်နေသော အီတလီအသင်းကို သူတင်ကိုယ်တင် ယှဉ်ကစားနိုင်သော်လည်း ဂိုးသွင်း ကောင်းသူမပါဝင်၍ ရှုံးခဲ့ရခြင်းဖြစ်သည်။ ဂါနာအသင်း အလယ်တန်းနှင့် နောက်တန်းက ချက်အသင်းကို ယှဉ်နိုင်စွမ်းရှိသည်။ ဂါနာအသင်း ရှေ့တန်း အားနည်းသလို ချက်အသင်းလည်း တိုက်စစ်မှူးများ ဒဏ်ရာရနေ၍ အပြန်အလှန် ဂိုးသွင်းနိုင်ပါ့မလား စဉ်းစားစရာ ဖြစ်နေသည်။ ဂါနာအသင်းမှ အက်ဆီယန်၊ အပီယာနှင့် မွန်တာရီတို့ ခြေစွမ်းပြနိုင်သော်လည်း ချက် နောက်တန်းမှ ဂရိုင်ဂျီရာ၊ ယန်ကူလော့စကီး၊ အူဖလူစီ၊ ရိုဇီနယ်လ်တို့ကို လွယ်လွယ်နှင့်ထိုးဖောက်ရန်မလွယ်ပေ။

ချက်အသင်းနှင့် ဂါနာအသင်းတို့ ယခင်ကဆုံတွေ့ခဲ့ဖူးခြင်းမရှိပေ။ ဂါနာအသင်းအနေဖြင့် ကမ္ဘာ့ဖလားစင်မြင့်ထက်သို့ ပထမဆုံးတက်ရောက်လာသည့်အကြိမ်၌ မထင်မှတ်သည်များ လုပ်ပြချင်ပေလိမ့်မည်။ ချက်အသင်းကလည်း ဂျန်ခိုလာနှင့် ဘားရို့စ်တို့၏ ဒဏ်ရာပြဿနာရှိသည်ကလွဲ၍အသင်းလိုက်ခြေစွမ်းအကောင်းဆုံးရနေသည်။ ၁၉၆၂ ကမ္ဘာ့ဖလားပွဲ၌ ချက်အသင်း

စီးရီးအေမှ နာမည်ကြီး ဘောလုံးသမားများပါဝင်နေသော အီတလီအသင်းကိုအကြိုဗိုလ်လုပွဲအထိအနည်းဆုံးရောက်မည်ဟု ထင်ကြေးပေးနေကြသည်။ ဂါနာကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသောပွဲတွင် မိနစ်၄၀တွင် ပီယာလိုက ပထမဂိုး၊ ၈၃မိနစ်တွင် အီယာကွင်တာက ဒုတိယဂိုး သွင်းယူပေးခဲ့သည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို ပီယာလိုက ရရှိခဲ့သည်။ ဂါနာကိုနိုင်သော အီတလီ ခြေစွမ်းမှာ အကြိုဗိုလ်လုပွဲ အဆင့် အနည်းဆုံးရောက်မည်ဟူသော ထင်ကြေးကို မငြင်းသာအောင် ဖြစ်ရသည်။ အီတလီအသင်း၏ ပြဿနာမှာ ဘောလုံးသမားကောင်းများ ချည်းဖြစ်နေ၍ ပထမ၁၁ယောက် စာရင်း ထုတ်ရာ၌ ဟိုလူသုံးရနိုးနိုး၊ ဒီလူထည့်ရနိုးနိုးနှင့် စိတ်ဒွိဟဖြစ်နိုင်သည့် အချက်ပင်ဖြစ်သည်။အီတလီနည်းပြ မာဆယ်လိုလစ်ပီက ယခင်နည်းပြဟောင်း ထရာပက်တိုနီလို ရေမန်းပုလင်း ဆောင်သည့် လူစားမျိုးမဟုတ်ဘဲ လက်တွေ့သမား ဖြစ်သည်။

စိတ်ကောက်နေ

အီတလီအသင်း ရှေ့တန်း၌ ဒယ်လ်ပီယာရို၊ အင်ဇာဂီတို့ရှိသော်လည်း လစ်ပီက တာထွက်စာရင်း၌ မထည့်ဘဲ ဒယ်လ်ပီတာရိုကို ပွဲချိန် ၈၂မိနစ်နောက်မှ စတီလောက်သာလူစားလဲထည့်သုံးခဲ့သည်။ တော့တီကို

အမေရိကန်အသင်းသည် ယခုနောက်ပိုင်း ကစားသောပွဲများ၌ ဥရောပမှ အသင်းများကို အရှုံးနှင့်သာ ရင်ဆိုင်ခဲ့ရသည်။ ချက်အသင်းကို သုံးဂိုးပြတ်ရှုံးနိမ့်သွားခြင်းကြောင့် စိတ်ဓာတ်ရေးရာအရပါ အားနည်းသွားစေသည်။ အီတလီနှင့် အမေရိကန်တို့ လေးကြိမ်ဆုံတွေ့ခဲ့ရာ အီတလီက သုံးပွဲနိုင်ပြီး တစ်ပွဲသရေကျခဲ့သည်။ အီတလီ၏ လက်ရှိကမ္ဘာ့ အဆင့်(၁၃)၊ အမေရိကန်၏ လက်ရှိကမ္ဘာ့အဆင့် (၅)ဖြစ်သည်။ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA)၏ အဆင့်သတ်မှတ်ချက်မှာ ပွဲကြိုသုံးသပ်ရာ၌ အရေးပါလှသည် တော့မဟုတ်ပေ။ အီတလီအသင်း နောက်တန်းလူ ဇမ်ဘရော့တာမှာဂါနာနှင့် ပွဲစဉ်အားလွဲချော်ခဲ့ရသော်လည်း လေ့ကျင့်ခန်းဆင်းနေပြီဖြစ်၍ အမေရိကန်နှင့် ပွဲပါဝင်လာဖွယ်ရှိသည်။

ကျောက်ဆောင်ကျောက်သား

အီတလီနောက်တန်း၌ နက်စတာ၊ ကင်နာဗာရို၊ ဂရော့ဆိုတို့ ပါဝင်နေရာ ဇမ်ဘရော့တာ ပါဝင်လာလျှင် ကျောက်ဆောင်ကျောက်သား သဖွယ် ထိုးဖောက်ရခက်မည် ဖြစ်သည်။ ဂိုးသမား ဘူဖွန်ကလည်း ဥရောပမှ အကောင်းဆုံးဂိုးသမားများ ထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ အီတလီ အလယ်တန်း၌ ပါရော့တာ၊ ပီယာလိုနှင့် ဒီရော့ဆီ၊ ရှေ့တန်း၌ ဂီလာဒီနို၊ တော့တီနှင့် လူကာတိုနီတို့

အီတလီနှင့်ချက် ရှေ့ခရီးဆက်ရန် အမှတ်ပြည့်ယူရမည်

ချက်အသင်းသည် ပွဲဦးထွက်၌ နာမည်ကြီး အမေရိကန်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ရာ ပြိုင်ဘက်အသင်းများ၏ အာရုံစိုက်ခြင်းကိုခံနေရပြီဖြစ်သည်။ ချက်အသင်းသည် ခြေစမ်းပွဲ၌ ကော့စတာရီကာကိုတစ်ဂိုး-ဂိုးမရှိ၊ ထရီနီဒက်ကို သုံးဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ရာ တိုက်စစ်အားကောင်းမွန်မှုကို တွေ့ရသည်။ ချက်အသင်း၏ အလယ်တန်းက အထူးတောင့်တင်းပြီး အဝေးမှကန်သွင်းမှုများ တိကျသည်။ ချက်အသင်းအတွက် အနိုင်ဂိုးများကို တိုက်စစ်မှူး ဂျန်ခိုလာက တစ်ဂိုး၊ အလယ်တန်းလူ ရိုဆစ်စကီးက နှစ်ဂိုးသွင်းယူပေးသည်။ ရိုဆစ်စကီး သွင်းယူသော ဂိုးများမှာ အဝေးမှတိုက်ရိုက်ကန်သွင်းခြင်းဖြစ်ပြီး အမေရိကန်ဂိုးသမား ကေစီကဲလားက ကာကွယ်နိုင်ခြင်းမရှိပေ။ အမေရိကန်နှင့်ပွဲတွင် ရိုဆစ်စကီးပွဲစဉ်အလိုက် အကောင်းဆုံးဆုရရှိခဲ့ရာ စောင့်ကြည့်ရမည်သူဖြစ်သည်။

ဒုတိယရရှိခဲ့ရာ ယခုပြိုင်ပွဲ၌အုပ်စုအဆင့်ကို ကျော်ဖြတ်ပြီး ဗိုလ်လုပွဲသို့ မရောက်နိုင်ဟု မပြောနိုင်ပေ။ ချက်အသင်းနှင့် ဂါနာအသင်းတို့ကစားပေါက်ချင်းမတူ၍ အကြိတ်အနယ်ရှိမည်ဖြစ်ပြီး သရေပွဲဖြစ်သွားနိုင်သည်။

တာထွက်အသင်း၌ ထည့်ခဲ့သော်လည်း ဒဏ်ရာရရှိနေသည့် ကြားမှ ကစားရခြင်းဖြစ်၍ ကြံ့ခိုင်မှုအားနည်းပြီး ဒုတိယပိုင်းတွင် ကာမိုရာနီဆီနှင့်လူစားလဲခဲ့ရသည်။ အီတလီအသင်းအတွက် အဖွင့်ဂိုး ယူပေးခဲ့သည့်

ပါဝင်ဖွယ်ရှိသည်။ အီတလီနည်းပြ လစ်ပီက ဂါနာကို နိုင်ခဲ့သော ရလဒ်အပေါ် ကျေနပ်မိကြောင်း ပြောကြားခဲ့ရာ ဒယ်ပီယာရိုနှင့်အင်ဇာဂီတို့ စိတ်ကောက်မှ ကောက်ရော လူအပြောင်းအလဲလုပ်မည်မထင်ပေ။

အီတလီအသင်းနှင့်ဂါနာအသင်းတို့၏ ပွဲတွင် အီတလီအသင်းမှ ထိုးဖောက်ကစားမှုကို ဂါနာဂိုးသမားနှင့် နောက်တန်းလူများ ဤသို့ ခက်ခက်ခဲခဲ ကာကွယ်ခဲ့ရသည်။ (ဓာတ်ပုံ-အင်တာနက်)

စိုးရိမ်စရာ

ချက်အသင်းမှ ဂိုးသွင်းကောင်းသော တိုက်စစ်မှူးမီလန်ဘားရို့စ် ဒူးဒဏ်ရာကြောင့် အမေရိကန်နှင့်ပွဲ၌ပါဝင်နိုင်ခြင်းမရှိခဲ့ချေ။ တိုက်စစ်မှူး ဂျန်ခိုလာကလည်း ပထမပိုင်း၌ အမေရိကန်နောက်ခံလူ အက်ဒီပုတ်နှင့်ထိခိုက်မိပြီး ဒဏ်ရာရရှိသွားသဖြင့် ယခုပွဲတွင် တိုက်စစ်အားအတွက် စိုးရိမ်စရာအနေအထားဖြစ်နေသည်။ ဂျန်ခိုလာနှင့် ဘားရို့စ်တို့မပါဝင်လျှင် မာရက်ဟိန့်ဇ် (ဂါလာတာစရေး)၊ လော့ခ်မန် (ဆာလ်ဇ်ဘော့)နှင့် စကက်နာ (ဟန်ဒိုဗာ)တို့ကို ပွဲထုတ်ရမည်ဖြစ်သည်။ ချက်အသင်းဂိုးရရှိရေးအတွက်အလယ်တန်းမှ အသင်းခေါင်းဆောင် နက်ဗက်နှင့် ရိုဆစ်စကီးက မီလန်ဘားရို့စ် ဒဏ်ရာရရှိနေ၍ ရှေ့တန်း၌ အားဖြည့်ကစားခဲ့သော်လည်း မိမိမှာ အလယ်တန်းကစားသမားသာ ဖြစ်ကြောင်း၊ ဂိုးသွင်းကောင်းသည့် တိုက်စစ်မှူး မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ဂါနာအသင်း

ဂါနာအသင်းသည် ပွဲဦးထွက်၌ အီတလီအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ခြေစွမ်းအညံ့ကြီး မဟုတ်ကြောင်း သုံးသပ်၍ရမည်။

ချက်အသင်းမှ ရိုဆစ်စကီး၊ နက်ဗက်နှင့် ပိုကောစကီးတို့ကို ပိုအားရသည့်အတွက် ပွတ်ကာသီကာပဲဖြစ်စေ ချက်အသင်းအနိုင်ရသွားမည်ဟုထင်ပါသည်။

အီတလီနှင့်အမေရိကန်

ဇွန်၁၈ရက်(မနက်ဖြန်)မြန်မာစံတော်ချိန် နံနက်၁နာရီခွဲတွင် ကိုင်ဇာစလော့တန်မြို့ရှိ Fritz-Walter-Stadio အားကစားကွင်း၌ အုပ်စု(င)မှ အီတလီအသင်းနှင့် အမေရိကန်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ ဥရောပမှခံစစ်ဘုရင်အီတလီအသင်းနှင့် ပွဲဦးထွက် ဂိုးပြတ်ရှုံးထားသော အမေရိကန်အသင်းတို့၏ ပွဲစဉ်မှာ တစ်ဦးချင်းကျွမ်းကျင်မှုနှင့် အသင်းလိုက်ညီညွတ်မှုတို့၏ အားပြိုင်ပွဲဖြစ်သည်

ပီယာလိုက လက်ရွေးစင်အသင်း၌ နေရာတစ်နေရာ ရခဲ့ခြင်းမှာ ထိုက်တန်ကြောင်းကို ဂိုးသွင်းနိုင် ခြင်းဖြင့် သက်သေပြခဲ့ပြီဖြစ်ခဲ့သည်။ ပီယာလိုက ဝင့်ကြွားနိုင်သော်လည်း ပွဲပြီးခါနီး ၇မိနစ်ခန့်သာ လူစားဝင်ကစားရသည့် ဒယ်လ်ပီယာရိုက တာထွက်အသင်း၌ မပါရကောင်းလားဆိုပြီး စိတ်ကောက်နေသည်။ နည်းပြ လစ်ပီအနေဖြင့် ဒယ်လ်ပီယာရိုကို နှစ်သိမ့်ဖျောင်းဖျနေရပြီး အမေရိကန်နှင့်ပွဲ၌ စိတ်ကျေနပ်အောင် ထည့်သုံးမလား ကြည့်ရမည်ဖြစ်သည်။

အမေရိကန်အသင်းမှ မက်ဘရိုက်၊ ဒိုနိုဗန်တို့အားပါပြီး လျင်မြန်သော်လည်း အီတလီနောက်တန်းကို ထိုးဖောက်ရ ခက်နိုင်သည်၊ အမေရိကန် နည်းပြ ရီနာအနေဖြင့် ပွဲဦးထွက်အရှုံး ကို အဖတ်ဆယ်နိုင်ရေးအတွက် မောင်း တင်ထားမည်ဖြစ်ရာ အီတလီ ပြတ်ပြတ်သားသား နိုင်ပါ့မလား သံသယ ဝင်မိသည်။ အမေရိကန်ဆိုသည်ကလည်း မထင်သည်များ လုပ်ပြနိုင် လောက်သည့် ခြေစွမ်းပိုင်ရှင်များဖြစ်ရာ သရေကျသွားနိုင်သည်။ အကယ်၍ အနိုင်အရှုံး အဖြေထွက်ခဲ့သည်ရှိသော် အီတလီနိုင်မည့်ဘက်မှသာ ဖြစ်နိုင်ချေများပါကြောင်း ပွဲကြိုအဖြစ် သုံးသပ် ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

သုံးသပ်ရေးသားသူ - ကိုထွေး

၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား

အီကွေဒေါအသင်း အုပ်စု(က)တွင် ဂိုးအများဆုံးသွင်းထား အင်္ဂလန်အသင်းပွဲပြီးခါနီးမှ နှစ်ဂိုးသွင်းပြီး အနိုင်ရ

တင်ပြသူ
မြင့်မောင်စိုး

ဟမ်းဘတ် ဇွန် ၁၆

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဇွန် ၁၅ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ အုပ်စု(က)မှ အီကွေဒေါအသင်းက ကော့စတာရီကာအသင်းကို သုံးဂိုး–ဂိုးမရှိဖြင့်လည်းကောင်း၊ အုပ်စု(ခ)မှ အင်္ဂလန်အသင်းက ထရီနီဒက်အသင်းကို နှစ်ဂိုး–ဂိုးမရှိ ဖြင့်လည်းကောင်း၊ အုပ်စု(ခ)မှ ဆွီဒင်အသင်းက ပါရာဂွေးအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိသွားခဲ့ကြသည်။

မှတ်တမ်းတင်ထား

ည ၇ နာရီခွဲပွဲအဖြစ် အီကွေဒေါအသင်းနှင့် ကော့စတာရီကာ အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ အီကွေဒေါက အလွယ်တကူ ကစားပြီး ရှုံးထွက်အဆင့် ၁၆သင်းသို့ ရောက်ရှိရန် မှတ်တမ်းတင်ထားလိုက်သည်။

ပွဲသိမ်းသွင်းယူ

ပွဲချိန် ၈မိနစ်တွင် လူးဝစ်ဗလင်စီယာတစ်ဆင့်ဖြတ်ပို့ပေးသော ဘောလုံးမှ တီနိုရီယိုက ခေါင်းတိုက်သွင်းယူလိုက်သည်။ အီကွေဒေါအသင်း၏ ဒုတိယမြောက်ဂိုးကို ဒုတိယပိုင်းပြန်စပြီး မကြာမီမှာပင် ဒယ်လ်ဂါဒို သွင်းယူခဲ့သည်။ ၎င်းအသင်းအတွက် တတိယမြောက်ဂိုးကို ကာဗီးဒက်စ်က ပွဲသိမ်းချိန်တွင် သွင်းယူခဲ့သည်။ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုကို အီကွေဒေါအသင်းမှ ဒယ်လ်ဂါဒိုက ဆွတ်ခူးရရှိခဲ့သည်။

ပထမဆုံးအကြိမ်

ထိုနေ့က အီကွေဒေါအသင်းသည် ကစားကွက် တည်တည်ငြိမ်ငြိမ်ဖြင့် ကစားနိုင်သည်ကို တွေ့ရသည်။ အခွင့်အလမ်းရ ဂိုးများကို သေသေချာချာ ကန်သွင်းနိုင်ခဲ့လျှင် ယခုထက်ပင် ဂိုးပိုရနိုင်သည့် အခြေအနေ ရှိသည်။ အီကွေဒေါအသင်းသည် ပထမဆုံးအကြိမ် ကမ္ဘာ့ဖလားနောက်ဆုံး ၁၆ သင်းပြိုင်ပွဲသို့ တက်ရောက်နိုင်ခြင်း ဖြစ်သည်။

ထူးထူးခြားခြား

အီကွေဒေါတို့ ဇွန် ၂၀ရက်တွင် အိမ်ရှင်ဂျာမနီအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ရာ အီကွေဒေါကသရေသို့မဟုတ် အနိုင်ကစားနိုင်ဖွယ်ရှိသည်။ အီကွေဒေါအသင်းသည် ၂၀၀၂ကမ္ဘာ့ဖလားပွဲအုပ်စုတွင် မက္ကဆီကို၊ အီတလီနှင့်ခရိုအေးရှားတို့နှင့်အတူ တစ်အုပ်စုတည်းကျခဲ့ရာ စတုတ္ထနေရာဖြင့်သာ ကျေနပ်လိုက်ရသည်။ ယခု ၂၀၀၆ ကမ္ဘာ့ဖလားတွင် အီကွေဒေါတို့ ထူးထူးခြားခြား ၁၆ သင်း ပြိုင်ပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။



ဆွီဒင်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးသွင်းပေးသည့် ယွန်းဘတ် အားမာန် အပြည့်ဖြင့် ဘောလုံး သယ်ယူလာစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ကမ္ဘာ့ဖလား သတင်းဂယက်

အဖြေတစ်မျိုးပြောင်းဖွယ်

ည ၁၀ နာရီခွဲပွဲအဖြစ် အုပ်စု(ခ)မှ အင်္ဂလန်အသင်းနှင့် ထရီနီဒက်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ပွဲချိန်မိနစ် ၈၀ကျော်အထိ အင်္ဂလန်က ဂိုးမသွင်းနိုင်ဘဲရှိသည်။ ထရီနီဒက်အသင်းကလည်း ခံစစ်ကို အပိုင် အသုံးချပြီး အင်္ဂလန်ထံမှ တစ်မှတ်ခွဲဝေယူရန် ကြိုးစားခဲ့သည်။ အနီရောင် ထရီနီဒက် ကစားသမားအားလုံးနီးပါး နောက်တန်းတွင်သာ စုပြုံနေပြီး ပိတ်ဆို့ ကစားခဲ့သည်။ ရုံဖန်ရံခါမှသာလျှင် ဒွိုက်ယော့နှင့် ဂျိုးနက်တို့ ထိုးဖောက် ကစားခဲ့သည်။ ပထမပိုင်း ပြီးခါနီးတွင် ထရီနီဒက် တိုက်စစ်မှူးများ တရစပ် တိုက်စစ်ဆင်ကစားပြီး ခေါင်းတိုက် သွင်းယူရာ အင်္ဂလန် ဂိုးပေါက်ထဲသို့ ဘောလုံးကျလာရာ နောက်တန်းလူ ဂျွန်တယ်ရီ နောက်ပြန်ခုန်ကန်လိုက်၍ ဂိုးပေါက်ထဲမှ ဘောလုံးထွက်သွားသည်။ ယင်းဂိုးကို ဂျွန်တယ်ရီ မကာကွယ်နိုင်ခဲ့လျှင် အင်္ဂလန်အသင်း၏အဖြေတစ်မျိုးပြောင်းသွားဖွယ်ရှိသည်။

စောစီးစွာဂိုးရ

ဒုတိယပိုင်းပြန်စချိန်တွင် အင်္ဂလန်ကွင်းလယ်ကစားသမား ဘက်ခမ်း၊ ဂျိုးကိုးလ်တို့ တာဝန်ကျေပွန်စွာဖြင့် ခြေစွမ်းပြနိုင်ခဲ့သည်။ သို့သော်လည်း ရှေ့တန်း တိုက်စစ်မှူးများဖြစ်သည့် ပီတာခရောင့်ချ် ဂိုးသွင်းခွင့် များစွာ ဆုံးရှုံးခဲ့သည်။ တိုက်စစ်မှူးကောင်းများ ဂိုးမှန်မှန်သွင်းနိုင်ခဲ့လျှင် အင်္ဂလန်တို့ စောစီးစွာ ဂိုးရနိုင်သည်။

စက်ရုပ်လို မကတော့ဘဲ အနိုင် ဂိုးသွင်းပေးခဲ့သော ခရောင့်ချ်အား ခေါင်းနင်းနှင့် ရွန်နေတို့က ဤသို့ ဝိုင်း၍ဂုဏ်ပြုခဲ့ကြသည်။
(ဓာတ်ပုံ–အင်တာနက်)

ပရိသတ်ရင်အေး

ထို့ကြောင့်လည်း အင်္ဂလန်နည်းပြ အဲရစ်ဆင်က ရွန်နေအား အိုဝင်အစား ပွဲချိန် ၅၈မိနစ်တွင်လူလဲကစားခဲ့သည်။ ရွန်နေသည် ဒဏ်ရာရပြီး ပထမဆုံးဝင်ကစားသည့်ပွဲဖြစ်၍ အဝင်အထွက် မမှန်သေးဘဲ ရှိသည်။ သို့သော်လည်း ပွဲချိန် ၈၃မိနစ်တွင် ဘက်ခမ်း ညာတောင်ပံမှ အမြောက်ကန်ပေးလိုက်သော ဘောလုံးကို စက်ရုပ်ပီတာခရောင့်ချ်က ခေါင်းတိုက်ယူလိုက်၍ အင်္ဂလန်ပရိသတ်များ ရင်အေးသွားခဲ့ရသည်။ အင်္ဂလန်အသင်းအတွက် ဒုတိယမြောက်ဂိုးကို ဂျရတ်က သူ၏ထုံးစံအတိုင်း ဂိုးရှေ့ မလှမ်းမကမ်းမှ အရှိန်ပြင်းပြင်းကန်ချက်ဖြင့် တစ်ဂိုး ထပ်မံသွင်းယူပေးနိုင်ခဲ့သည်။

ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဘောလုံးသမားဆုကို ဒေးဗစ်ဘတ်ခမ်းက ဆွတ်ခူးနိုင်ခဲ့သည်။ အင်္ဂလန်အသင်းသည် အုပ်စုပထမ၊ သို့မဟုတ် ဒုတိယနေရာရရှိရေးမှာ ဇွန် ၂၀ရက်တွင် ဆွီဒင်နှင့်ကစားမည့်ပွဲပေါ် မူတည်ပေလိမ့်မည်။ နံနက် ၁နာရီခွဲပွဲအဖြစ် ဆွီဒင်နှင့် ပါရာဂွေးအသင်းတို့ ယှဉ်ပြိုင် ကစားခဲ့ကြရာ ဆွီဒင်အသင်းက ရွန်းဘတ်၏ နောက်ဆုံးပွဲချိန် ၈၈မိနစ်တွင် ခေါင်းတိုက်သွင်းပြီး အနိုင်ရရှိခဲ့သည်။ အစောပိုင်းက ဆွီဒင်တိုက်စစ်မှူး အီဘရာဟင်မိုဗစ်ကန်သွင်းရာ ဂိုးစည်းပေါ်မှ အောလ်ဘက်က ဖျက်ထုတ်လိုက်၍ ဆွီဒင်တို့ နစ်နာခဲ့ရသည်။ ယင်းပြိုင်ပွဲတွင် ရွန်းဘတ်က အကောင်းဆုံးဆုရရှိခဲ့သည်။

ယှဉ်ပြိုင်

ဆွီဒင်အသင်း ယခု အနိုင်ရမှုသည် ၂၀၀၆ခုနှစ်အတွင်း နိုင်ငံတကာပွဲများ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ပွဲရှုံး၊ ငါးပွဲသရေကျပြီး ပထမဆုံးအနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ။ **(အင်တာနက်)**

အီတလီတိုက်စစ်မှူး တော့တီ။

ကမ္ဘာ့ဖလားပြိုင်ပွဲ နောက်ဆုံးသတင်းများ

စုစည်းတင်ပြသူ–မောင်မောင်မြင့်ဆွေ

ဘာလင် ဇွန် ၁၆

ဂျာမနီနိုင်ငံတွင် ကျင်းပလျက်ရှိသည့် ၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ သတင်းများအနက် ဇွန် ၁၇ ရက် (ယနေ့)**ကစားကြမည့် ဘောလုံးအသင်းများနှင့် ပတ်သက်၍ နောက်ဆုံးသတင်းများကို စုစည်းဖော်ပြလိုက်ပါသည်။**

ဂါနာအသင်းသားများ စိတ်ဓာတ်မကျရန် ကူဖိုးပြောကြား

ဇွန် ၁၇ရက် **(ယနေ့)** ကစားမည့် ချက်အသင်းနှင့်ပွဲတွင် ဂါနာဘောလုံးသမားများ စိတ်ဓာတ်အမြင့်မားဆုံးထားပြီး ကစားကြရန် ဂါနာအသင်း နောက်ခံလူ ကူဖိုးက ပြောကြားလိုက်သည်။

ဂါနာ နည်းပြရာတိုမီရာဒူကိုဗစ်က ဘောလုံးကစားရာ၌ ရလဒ်ကောင်းကို ဖန်တီးနိုင်ရန်လိုအပ်ကြောင်း ဂါနာဘောလုံးသမားများ ကြံ့ခိုင်ပြီး ကစားအားကောင်းသူများဖြစ်သဖြင့် အနိုင်ရရေး ဦးတည်ကစားရန် လိုအပ်ကြောင်း ပြောကြားသည်။ ဂါနာ နောက်ခံလူ ကူဖိုးက ဂါနာဘောလုံးသမားများ စိတ်ဓာတ်ကျဆင်းနေမှု မရှိရန်နှင့် ပြိုင်ပွဲတိုင်းအကောင်းဆုံး ကစားသွားရန်သာလိုကြောင်း ပြောကြားသည်။ ဂါနာအသင်းတွင် ကစားသမားများ အချင်းချင်းဆက်ဆံရေး အဖုအထစ်ရှိနေကြောင်း သိရသည်။

ချက်တိုက်စစ်မှူး မီလန်ဘားရို့စ် ယနေ့ပွဲပါဝင်ရန် မသေချာ

ဇွန် ၁၇ရက် **(ယနေ့)**တွင် ဂါနာအသင်းနှင့်ကစားရမည့် ချက်အသင်း၌ တိုက်စစ်မှူး မီလန်ဘားရို့စ်ကစားနိုင်ဖွယ်မရှိကြောင်း သိရသည်။

ဘားရို့စ်သည် ဇွန် ၃ ရက်က ခြေစမ်းပွဲကစားခဲ့သော ထရီနီဒက်နှင့်ပွဲ၌ ခြေထောက်ဒဏ်ရာရရှိခဲ့ရာ သက်သာမှုရှိသော်လည်း ယနေ့ပွဲ၌ ပါဝင်ကစားနိုင်ဖွယ်မရှိကြောင်း ချက်အသင်း တာဝန်ရှိသူများက ပြောကြားသည်။ သို့သော် ချက်နည်းပြက ပြိုင်ပွဲအခြေအနေအရ အချိန်ပိုင်းထည့်သုံးရန်လိုအပ်လျှင် ထည့်သုံးရမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ချက်အသင်းတွင် တိုက်စစ်မှူးဂျန်ခိုလာ၊ ကွင်းလယ်ကစားသမား စမိုက်ဆာတို့လည်း ဒဏ်ရာအနည်းငယ်ရရှိနေကြသည်။



ချက်အသင်း တိုက်စစ်မှူး မီလန် ဒဏ်ရာရရှိသွားပြန်။

အီတလီတိုက်စစ်မှူး တော့တီ ယနေ့ကစားနိုင်မည်

အီတလီ တိုက်စစ်မှူး တော့တီသည် ဂါနာနှင့်ပွဲ၌ ဒူးဒဏ်ရာရရှိခဲ့ရာ ဒဏ်ရာအခြေအနေတိုးတက်ကောင်းမွန်မှုကြောင့် ယနေ့ကစားမည့် အမေရိကန်နှင့်ပွဲတွင် ပါဝင်ကစားဖွယ်ရှိသည်။

တော့တီ၏ ဝဲဘက်ဒူးဒဏ်ရာမှာ ဓာတ်မှန်ရိုက်ချက်အရ တစ်စုံတစ်ရာ ပြဿနာမရှိကြောင်း ယနေ့ပွဲကစားလျှင် ခွင့်ပြုနိုင်ကြောင်း အီတလီအသင်း ဆရာဝန် ဒေါက်တာအင်ရီကိုကတ်တယ်လာစီက ပြောကြားလိုက်သည်။ တော့တီသည် ပြီးခဲ့သည့် ဖေဖော်ဝါရီလကလည်း ၎င်း၏ဝဲဘက်ခြေထောက် ဒဏ်ရာရရှိခဲ့သေးသည်။

အီရန်တိုက်စစ်မှူး အလီဒါယီ ဒဏ်ရာရရှိနေ။

အီတလီအသင်းတွင် ဇမ်ဘရော့တာနှင့် ဂတ်တူဆိုတို့လည်း ဒဏ်ရာရရှိထားသော်လည်း ယနေ့ပွဲတွင် ပါဝင်ကစားမည်ဖြစ်သည်။

ပေါ်တူဂီနည်းပြ စကိုလာရီက အီရန်ကိုလျှော့မတွက်ရန် သတိပေး

ဇွန် ၁၇ရက် **(ယနေ့)** ကစားမည့် အီရန်နှင့်ပွဲတွင် ပေါ်တူဂီ ကစားသမားများအနေဖြင့် အီရန်ကို လျှော့မတွက်ရန် နည်းပြစကိုလာရီက သတိပေးလိုက်သည်။

မည်သည့် ဘောလုံးပွဲမျှ လွယ်လွယ်ကူကူအနိုင်မရနိုင်ကြောင်း၊ မမျှော်လင့်သော ရလဒ်များကို ဖြစ်ပေါ်တတ်ကြောင်း သတိထားပြီး ဂရုတစိုက်ကစားကြရန် စကိုလာရီက သူ့ကစားသမားများအား သတိပေးထားသည်။

အီရန်တိုက်စစ်မှူး အလီဒါယီဒဏ်ရာရရှိနေ

ကမ္ဘာ့ဖလားအုပ်စု(ဃ) အဖွင့်ပွဲစဉ်အဖြစ် မက္ကဆီကိုနှင့်ကစားခဲ့သည့်ပွဲ၌ အီရန်အသင်းခေါင်းဆောင် အလီဒါလီ ဒဏ်ရာရရှိခဲ့ရာ ဇွန် ၁၇ရက် **(ယနေ့)**ကစားမည့်ပွဲ၌ ပါဝင်ကစားရန် မသေချာကြောင်း သိရသည်။

အီရန်နည်းပြ အိုင်ဗင်ကိုဗစ်က အလီဒါယီဒဏ်ရာရရှိနေသည့်အတွက် လေ့ကျင့်မှု မပြုလုပ်နိုင်သဖြင့် ယနေ့ပွဲတွင် အလီဒါယီကစားနိုင်ရန် မသေမချာဖြစ်နေခြင်းအပေါ် စိုးရိမ်ပူပန်မှုရှိနေကြောင်း သိရသည်။

ယွန်းဘတ်၊ ဘက်ခမ်းနှင့် ဒယ်ကာဒိုတို့ ပွဲအလိုက် အကောင်းဆုံးဆုရရှိ

ဇွန် ၁၅ရက်က ကစားခဲ့သော ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်များ၌ အီကွေဒေါနှင့် ကော့စတာရီကာတို့ပွဲတွင် အီကွေဒေါတိုက်စစ်မှူး ဒယ်ကာဒိုပွဲစဉ်အလိုက် အကောင်းဆုံးဆုရရှိခဲ့သလိုပင်၊ အင်္ဂလန်နှင့် ထရီနီဒက်ပွဲ၌ ဒေးဗစ်ဘတ်ခမ်း၊ ဆွီဒင်နှင့်ပါရာဂွေးတို့ပွဲတွင် ဆွီဒင်မှ ကွင်းလယ်တိုက်စစ်မှူးယွန်းဘတ်တို့ ပွဲစဉ်အလိုက် အကောင်းဆုံးဆုများ ရရှိခဲ့ကြသည်။

အင်္ဂလန်အသင်းခေါင်းဆောင် ဒေးဗစ်ဘက်ခမ်း။

အင်္ဂလန်အသင်း ကမ္ဘာ့ဖလားအရယူမည်

ဇွန် ၁၅ရက်က အင်္ဂလန်အသင်းက ထရီနီဒက်ကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီးနောက် ကမ္ဘာ့ဖလားရရှိရေး မျှော်လင့်ချက်ကို မည်သည့်အခါမျှ စွန့်လွှတ်မည်မဟုတ်ကြောင်း၊ ကမ္ဘာ့ဖလားအရယူရန် ဆုံးဖြတ်ထားကြောင်း အင်္ဂလန်အသင်းခေါင်းဆောင် ဒေးဗစ်ဘက်ခမ်းက ပြောကြားခဲ့သည်။ ။ **(အင်တာနက်)**

မွေးနေ့ဆုမွန်

အချစ်ဆုံး သားသားလေး **မောင်ဘုန်းဟိန်းကျော် (KO DO MO)**၏ (၁၇-၆-၂၀၀၆)ရက်နေ့တွင် ကျရောက်သော (၅)နှစ်မြောက် မွေးနေ့မှစ၍ ဉာဏ်ပညာ စွမ်းရည်ထက်မြက်ကာ အတွေးအခေါ် မြင့်မားသော သားကောင်းရတနာလေးဖြစ်ပြီး မိသားစုနှင့်အတူ အမြဲ ချစ်ခင်ပျော်ရွှင်စွာဖြင့် နောင်နှစ်ပေါင်း(၁၂၀)ကျော် တိုင်အောင် ရှင်လန်းတက်ကြွနေပါစေ။

နှစ်ဖက်သော ဘိုးဘိုး၊ ဘွားဘွားများ၊ ဖီးဖီး
ချစ်ဖေဖေ – ဒေါက်တာဟိန်းလတ်ဝင်း
ချစ်မေမေ – ဒေါက်တာထားကြည်ဆန်း
ချစ်ညီမလေး – ပိုးဟေသာဆန်း။

မွေးနေ့ဆုတောင်း

သားကြီး **မောင်ဖြိုးဝေမင်း** ၏ ၁၇-၆-၂၀၀၆ရက်နေ့ မွေးနေ့မှ နောင်နှစ်ပေါင်းများစွာတိုင် ဖေဖေ၊ မေမေ၊ ညီမလေးတို့နှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ရပြီးလျှင် အမျိုး၊ ဘာသာ၊ သာသနာ အကျိုး၊ နိုင်ငံအကျိုးကို ဆတက်ထမ်းပိုးထမ်းဆောင်နိုင်ပါစေ။

ဖေဖေ – ဦးအောင်စိုးမင်း၊
မေမေ – ဒေါ်နန်းသီတာ၊
ညီမလေး – ပုံ့။

မွေးနေ့ဆုတောင်း

သားလေး **မောင်သီဟထက်(ခ)ဂျက်** ၏ ၁-၆-၂၀၀၆ရက်တွင် ကျရောက်သော (၁၆)နှစ်မြောက် မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်း တစ်ရာကျော်တိုင်အောင် ပြီးပြည့်စုံသောဘဝကို ရရှိပါစေ။

ဖေဖေ – ဒုတိယဗိုလ်မှူးကြီးကျော်ဇေယျ
(ကာကွယ်ရေးဝန်ကြီးဌာန)
မေမေ – ဒေါ်သီဂီငြိမ်း။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၂၃၇၅၀ Loncin MLc ယာဉ်လက်ဝယ်ရှိသူ အမည် ဦးမျိုးအောင် ၁/ရကန(နိုင်)၀၃၂၇၇၃က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနခရိုင်ရုံး
(မန္တလေး၊ မြောက်ပိုင်း)မန္တလေးမြို့။

ကျေးဇူး ဆပ်ပါမည်
အဖဦးအင်စုံ၏သမီး မဖူးပွင့်ပြည့်စုံ၏ နိုင်ငံကူးလက်မှတ် (CI)အမှတ် ၃၅၃၆၃ ပျောက်သွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။ **မဖူးပွင့်ပြည့်စုံ ဖုန်း-၃၈၂၀၄၃။**

လက်ထပ်မင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ အောင်မင်္ဂလာ(၅)လမ်းနေ
ဦးလှဝင်း-(ဒေါ်ခင်ခင်ဦး)တို့၏သား

မောင်ရဲမြတ်စိုး B.A (Geography)
(Attache)
(မြန်မာသံရုံး၊ ပရီတိုးရီးယားမြို့၊ တောင်အာဖရိကနိုင်ငံ)

နှင့်

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ကြ္ဍာသယ(၂)လမ်းနေ
ဦးတင်ထွန်း-ဒေါ်လှထွေးတို့၏ သမီး

မနှင်းယုအေး B.A (Myanmar); Diploma in Nursing
(ကလေးဆေးရုံကြီး၊ ရန်ကုန်)

တို့၏ မင်္ဂလာဧည့်ခံပွဲအခမ်းအနားကို ၁၆-၆-၂၀၀၆ရက်တွင် တောင်အာဖရိကနိုင်ငံ ပရီတိုးရီးယားမြို့ရှိ မြန်မာသံအမတ်ကြီးနေအိမ်၌ ကျင်းပပြုလုပ်ပြီးစီးပါကြောင်းနှင့် ကြွရောက်ချီးမြှင့်ပေးကြသော တောင်အာဖရိကနိုင်ငံရှိ မြန်မာမိတ်ဆွေမိသားစုများနှင့် မင်္ဂလာပွဲအခမ်းအနားဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးကြသူများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ရဲမြတ်စိုး-မနှင်းယုအေး။

အမည်ပြောင်း

လှိုင်သာယာမြို့နယ်၊ အမှတ်(၁၉)ရပ်ကွက်၊တောင်ငူလမ်း၊အမှတ် ၁၄၇၇/ခနေ ဦးတင်လှိုင်၏သား မောင်ဖိုးလပြည့်အား မောင်ကျော်ဇောလှိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ကျော်ဇောလှိုင်။

အိမ်စီးကားသန့်ရောင်းမည်

မစ်ဆူဘီရှီ-လင်ဆာ အနီရောင်၊ ည-ရှစ်ထောင်ကျော်(81-မော်ဒယ်)၊ တစ်လက်ကိုင်၊ လိုင်စင်ဝင်ပြီး။
(သိန်း-၉၀)

အမှတ် ၅၄၊ ဖိုးစိန်လမ်း၊ တာမွေ။

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်ုပ်အား လွှဲအပ်ထားသူ ဒေါ်ခင်သန်းအုံး (ဘ)ဦးအုံး ၁၂/အစန(နိုင်)၀၀၆၄၆၉၏ ညွှန်ကြားချက်အရ ကြေညာပါသည်။

ကွယ်လွန်သူ ဦးမြင့်ဆွေနှင့်ဒေါ်ခင်သန်းအုံးတို့၏သား မောင်ကျော်ကျော်ဆွေ ၁၂/အစန(နိုင်)၁၅၁၈၉၆ အမှတ်၁၄၂/အေ၊ မြင့်မိုရ်လမ်း၊ ဈေးကုန်းအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်နေသူသည် မိဘအပေါ်၌ ရန်သူသဖွယ် ဆက်ဆံပြုမူခြင်း၊ မိဘအားစိတ်အနှောင့်အယှက် စိတ်ငြိုငြင်စေရန် အပြုအမူများ ပြုမူဆောင်ရွက်လာပါသဖြင့် ဤသတင်းစာကြော်ငြာသည့်နေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်းနှင့် ဒေါ်ခင်သန်းအုံးနှင့် မောင်ကျော်ကျော်ဆွေ၊ မောင်မိုးမြင့်ဟန်တို့ပြုလုပ်ထားသော ၁၉-၅-၂၀၀၅ရက်စွဲပါ အရောင်းအဝယ်စာချုပ်နှင့် အမွေပေးရန် သဘောတူညီခဲ့ခြင်းကိုလည်း ဖျက်သိမ်းလိုက်ပါသည်။ မောင်ကျော်ကျော်ဆွေအား သားအဖြစ်မှစွန့်လွှတ်ပြီးဖြစ်သဖြင့် လက်ရှိနေထိုင်လျက်ရှိသောနေအိမ်မှ ဖယ်ရှားထွက်ခွာသွားစေရန် အကြောင်းကြားသိစေအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်တင်ချို(အယ်လ်-အယ်လ်-ဘီ) အထက်တန်းရှေ့နေ(၂၄၂၉၁)
ရှေ့နေများနားနေခန်း၊ စုပေါင်းရုံး၊ အင်းစိန်၊ ဖုန်း-၆၄၀၄၈၇၊ ၆၄၀၄၈၉။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၁၃၉၉၃ Honda C°90 Costom Cms ယာဉ်လက်ဝယ်ရှိသူ အမည် ဦးဇော်မျိုးထွန်း ၉/ခမစ(နိုင်)၀၁၈၅၂၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေး တောင်ပိုင်း)မန္တလေးမြို့။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အထူးအစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၁၆

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အထူးအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီက နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)နာယကချုပ်ရုံးအစည်းအဝေးခန်းမ၌ကျင်းပသည်။

ကြွရောက်တော်မူ

အစည်းအဝေးသို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ သရက်ဆရာတော် ဘဒ္ဒန္တကေသရ၊ ဒုတိယဥက္ကဋ္ဌ(၁)အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိ၊ ဒုတိယဥက္ကဋ္ဌ(၂) ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇာဂရာဘိဝံသ အမှူးပြုသော အဖွဲ့ဝင် ဆရာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

အဖွင့်ဩဝါဒမြွက်ကြား

ထို့နောက် သဘာပတိ နိုင်ငံတော်ပရိယတ္တိတက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ သရက်ဆရာတော် ဘဒ္ဒန္တကေသရက အဖွင့်ဩဝါဒမြွက်ကြားသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

တင်ပြလျှောက်ထား

ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ နာယကချုပ်ဆရာတော်၏နုတ်ထွက်ခွင့်တင်ပြလာခြင်းနှင့်လစ်လပ်သွားသော နာယကချုပ်တာဝန်ရွေးချယ်ခန့်ထားရေး၊နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)မှ နာယကချုပ် ဆရာတော်အား နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)သို့ ပြောင်းရွှေ့တာဝန်ပေးခြင်းနှင့် တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဝင်အဖြစ်ခန့်အပ်တာဝန်ပေးခြင်းတို့ကို တင်ပြလျှောက်ထားရာ သဘာပတိ ဆရာတော်နှင့် အဖွဲ့ဝင်ဆရာတော်များက အတည်ပြုဆုံးဖြတ်ကြသည်။

ယင်းနောက် ကြွရောက်တော်မူလာကြသော ဆရာတော်များနှင့် အုပ်ချုပ်ရေး ဗဟိုအဖွဲ့ဝင်များက အထွေထွေကိစ္စရပ်များဆွေးနွေးကြပြီး သဘာပတိဆရာတော်က နိဂုံးချုပ် ဩဝါဒမြွက်ကြားကာ အစည်းအဝေးကိုဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ရုပ်သိမ်းသည်။ **(သတင်းစဉ်)**

အာယုဒါနဆေးကုသဆောင်ဆောက်လုပ်ရန် မွေးနေ့အထိမ်းအမှတ်အလှူငွေပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၁၆

ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်း အမှတ်၅၂၈ (၂၇လမ်းနှင့် ၂၈ လမ်းကြား)နေ ဦးထုံရွှေပန်းထိမ်မှ ရွှေပန်းထိမ်ဆရာကြီး ဦးထုံက အသက်(၈၄)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ယမန်နေ့က ရန်ကင်းမြို့နယ်ရှိ ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းရှိ အာယုဒါန တိုးချဲ့ဆေးကုသဆောင် ဆောက်လုပ်လှူဒါန်းရန်အတွက် ရွှေပန်းထိမ်ဆရာကြီး ဦးထုံနှင့်မိသားစုက အလှူငွေကျပ် ငါးသိန်းပေးအပ်လှူဒါန်းရာ(**အောက်ပုံ**) ရွှေပြည်ဟိန်းကျောင်း ဆရာတော် ဓမ္မကထိက အရှင်ခေမာသိရီလင်္ကာရက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်သည်။

အလားတူ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ဆေးပဒေသာပင်၊ စိတ်ကျန်းမာရေးဆေးရုံကြီး ဆေးပဒေသာပင်၊ တိုင်းရင်းသားလူမျိုး မိဘမဲ့ကလေးများ ဖွံ့ဖြိုးရေး ပရဟိတကျားကျောင်း ငွေပဒေသာပင်၊ လူမှုဝန်ထမ်းဦးစီးဌာန မျက်မမြင်ကျောင်း(ကြည့်မြင်တိုင်မြို့နယ်) ငွေပဒေသာပင်၊ ဆင်းရဲသူများစောင့်ရှောက်ရေး သီလရှင်ကျောင်း ဘိုးဘွားရိပ်သာ(သိမ်ဖြူလမ်း) ငွေပဒေသာပင်၊ မေရီချက်ပ်မင်း ဆွံ့အနားမကြားကျောင်း ငွေပဒေသာပင်တို့အတွက် အလှူငွေကျပ်တစ်သိန်းစီလှူဒါန်းရာ မွေးနေ့အထိမ်းအမှတ်အဖြစ် စုစုပေါင်းအလှူငွေကျပ်၁၁သိန်းကို ရွှေပန်းထိမ်ဆရာကြီး ဦးထုံက လှူဒါန်းခဲ့ကြောင်းသိရသည်။

(က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) တိုးချဲ့မြေကွက်သစ်ဝယ်ယူရန်အတွက် ကြည့်မြင်တိုင်မြို့နယ် သရက်တော(မြောက်) သရက်တော၂လမ်း၊ အမှတ်(၁)နေ ဦးတင်မောင်၊ ဒေါ်ခင်စိန် မိသားစုက အလှူတော်ငွေကျပ်တစ်သိန်းကို မြေနီကုန်း ကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင် ဆရာတော် အရှင်ခေမာသိရီ (လှတော)ရှေ့မှောက်၌ တာဝန်ခံ ဒေါက်တာအေးအေးမာထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တောတိုက်ဓမ္မရိပ်သာ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းကပ်လှူမည်

ရန်ကုန် ဇွန် ၁၆

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် တောတိုက်ရပ်ကွက် တောတိုက် ဓမ္မရိပ်သာကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက မဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီး ဘဒ္ဒန္တဓမ္မသာရ အမှူးပြုသည့် ပရိယတ်၊ ပဋိပတ် ဝါဆိုသံဃာတော် ၂၉၀ကျော်တို့အား (ဝါဆိုလပြည့်) ဇူလိုင် ၉ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်ကြီး၌ ဝါဆိုသင်္ကန်း စသောလှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ လှူဒါန်းလိုသူများ ဖုန်း-၆၃၅၄၂၄၊ ၆၃၅၀၂၇သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

နှစ်ဖက်သောမိဘများနှင့် ဦးကျော်တင့်အားရည်စူး၍ ပဲခူးတိုင်း ပြွန်တန်ဆာမြို့ မြို့မ၂ မင်းလမ်း အမှတ်၇၀၁နေ ဒေါ်လှကျင်၊ သမီး မနန်းစိုးထွေးတို့က ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော် ငွေကျပ်တစ်သိန်းကို တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ မေ ၂၀ ရက်က တမူးမြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်ထားရှိမှု၊ ဈေးများသန့်ရှင်းသာယာလှပရေးနှင့် ခြံစည်းရိုး ကြက်ဆူ ပျိုးထောင် စိုက်ပျိုးပြီးစီးမှုများကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသောင်းညွန့်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

ကျောက်တံခါးမြို့ မြတ်လေးလမ်း ကတ္တရာလမ်းခင်းမည်

ကျောက်တံခါး ဇွန် ၁၀

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဘဏ္ဍာရေးနှစ်အလိုက် မြို့တွင်းလမ်းများ ကတ္တရာလမ်းအဖြစ်သို့အဆင့်မြှင့်ဆောင်ရွက်ရန် စီမံချက်ချမှတ် ဆောင်ရွက်လျက်ရှိရာ ၂၀၀၆–၂၀၀၇ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့်မြတ်လေးလမ်းကတ္တရာလမ်းခင်းရန် ကျောက်များ စုဆောင်းထားရှိမှု အခြေအနေကို ဇွန်၄ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းထွန်း ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ လမ်းမှာ အရှည် ၁၅၇၅ ပေ၊ အကျယ် ၁၀ ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၈၃ သိန်းဖြင့် အကုန်အကျခံဆောင်ရွက်မည် ဖြစ်သည်။

(မြို့နယ် စည်ပင်)

ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ ကထိန်တော်အသင်း လူမှုဝန်ထမ်းဌာနများသို့ ငွေလှူဒါန်း

မန္တလေး ဇွန် ၅

မန္တလေးမြို့ ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ ကထိန်တော်အသင်းကြီးက မန္တလေးမြို့ပေါ်ရှိ လူမှုဝန်ထမ်းဌာန(၁၁)ဌာနနှင့် မင်းကွန်းဘိုးဘွားရိပ်သာသို့ ငွေလှူဒါန်းပွဲကို မေ၂၃ရက် နံနက်၉နာရီက ၈၆ လမ်း၊ လမ်း၃၀ × ၃၁ လမ်းကြားရှိ အသင်းတိုက်အပေါ်ထပ်တွင် ကျင်းပသည်။

ဆောင်ရွက်

အဆိုပါ လှူဒါန်းပွဲတွင် သဘာပတိအဖြစ် ကထိန်တော်အသင်းဥက္ကဋ္ဌ အရီးတောင်း ဦးကျော်သိန်းက လည်းကောင်း၊ အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဦးမြမောင်ကလည်းကောင်း ဆောင်ရွက်ကြသည်။

ထိုလှူဒါန်းပွဲ ကထိန်တော်အသင်းကြီးရန်ပုံငွေထဲမှ လူမှုဝန်ထမ်း ၁၂ ဌာနသို့ တစ်ဌာနလျှင် ငွေကျပ် ၅၀၀၀၀၊ စေတနာရှင်အသင်းသားအသင်းသူ ၄၁ဦးတို့ကလည်း တစ်ဌာနလျှင် ငွေကျပ်၁၈၀၀၀၀စီဖြင့် စုစုပေါင်း ငွေကျပ် ၂၁၆၀၀၀၀ကို အသင်းနာယကများ၊ အသင်းဥက္ကဋ္ဌ အရီးတောင်း ဦးကျော်သိန်းနှင့် အလှူရှင်များက ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ကထိန်တော် အသင်းကြီးသည် (၇၁)ကြိမ်မြောက် ကထိန်တော်ခင်းကျင်းပြီးလူမှုဝန်ထမ်း၁၂ဌာနသို့လှူဒါန်းလာခဲ့သည်မှာ (၁၉)ကြိမ်မြောက် ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။ **(၃၁၃)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် နယုန်လပြည့်ကျော်(၈)ရက်
၁၈–၆–၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၀၇:၀၀	တရားတော်(မင်းကွန်းဆရာတော်ကြီး၏ ဓဇဂ္ဂသုတ်)

နေ့လယ်ပိုင်း

၁၀:၀၀	သုတစုံစွာ သိမှတ်စရာ (ကျန်းမာရေးအကြောင်း သိကောင်းစရာ–သိပ္ပံမှူးတင်)
၁၁:၁၅	စက်မှုစွမ်းအားခေတ်ကျော်လွှား (ဒဂုံဆိပ်ကမ်း စက်မှုဇုန်ထုတ်မီးခလုတ်များအကြောင်း)
၁၁:၃၀	မေတို့တွက်တာ လှကမ္ဘာ (ပင်ကိုအလှကို ပိုမိုပေါ်လွင်စေမှာ)
၁၁:၄၀	ခံစားနားဆင်မြန်မာတေးသံစဉ် (၁) မချစ်လို့လား (၂) မေတ္တာဆိုတာ ခွင့်လွှတ်ခြင်း (၃) မေတ္တာအသိနောက်ကျသွားတယ်
၁၂:၀၀	ကလေးများအတွက်ပုံပြင် (မြရတနာ)
၁၂:၃၀	ဇာတ်လမ်းပမာနားဆင်စရာ (အဖေနဲ့ အမေ့ သား)
၁၃:၁၀	ယဉ်ကျေးမှုအနုပညာ (လယ်စကား ယာစကား–ဒေါ်စောမုံညင်း)

ညနေပိုင်း

၁၆:၃၀	**၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ နေ့စဉ်သုံးသပ်ချက်**
၁၇:၀၀	တေးသံစုံ (စိန်ခင်လေးအဖွဲ့)
၁၇:၁၅	မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (သီချင်းများကပြောသည့် မြို့တော်ရွှေဘို–တက္ကသိုလ်ညိုသန့်)
၁၇:၃၀	သူ့အလှည့် (မရွှေကံ၀ါ)
၁၈:၄၅	အာယုနှင့် သာစုဆွေးနွေးခန်း
၁၉:၁၅	အနုပညာရှင်များနှင့်ဆွေးနွေးခန်း (သရုပ်ဆောင် ခန့်စည်သူ၊ ဆုပန်ထွာ)
၂၀:၃၀	အင်္ဂလိပ်စကားပြောသင်ခန်းစာ English Lesson Working Knowledge
၂၀:၄၀	ခံစားနားဆင်မြန်မာတေးသံစဉ် (၁) အလွမ်းပန်းချီထဲက အတွေးအိမ်ကလေး (၂) သံယောဇဉ် ဖြတ်တဲ့ မိန်းကလေး (၃) စကား၀ါပန်း

ရွှေကျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးသတ်မှတ်မြေ သုံးဧက စိုက်ကွက်တွင် မေ၂၇ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးမှုကို အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦးက ကြီးကြပ်ဆောင်ရွက်စဉ်။

(၃၂၉)

ဟိုပန်မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ကျင်းပ

ဟိုပန် ဇွန် ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံခရိုင် ဟိုပန်မြို့နယ်တွင် ၂၀၀၆–၂၀၀၇ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ၂၅ရက် အခြေခံပညာအထက်တန်းကျောင်း စာမဟာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ထွေးက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်အလ်ကျီးတောင်က ကျောင်းအပ်နှံရေးနေ့အကြောင်းအစီအစဉ်များကိုရှင်းလင်းပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

လားရှိုးမြို့လယ် ပန်းခုံများဆေးသုတ်

လားရှိုး ဇွန် ၁၂

လားရှိုးမြို့ သန့်ရှင်းသာယာ လှပရေး အတွက် မြို့နယ်စည်ပင် သာယာရေးအဖွဲ့က အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မြို့လယ် ပန်းခုံများဆေးသုတ်ခြင်း၊ ရာသီပန်းပင်များ စဉ်ဆက်မပြတ် ဖူးပွင့်စေခြင်းတို့အတွက် ဇွန်၇ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းဟန်၊ ဦးစီးအရာရှိ ဦးတင်မြင့်နှင့်အငယ်တန်းအင်ဂျင်နီယာ(၂) ဦးထွန်းလင်းမော်တို့က ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဖျာပုံ ထွေ/ အုပ် ဦးစီးဌာနဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကျင်းပ

ဖျာပုံ ဇွန် ၁၂

ဖျာပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများ ၂၀၀၆–၂၀၀၇ ခုပညာသင်နှစ် ထောက်ပံ့ကြေးပေးအပ်ပွဲနှင့် ဝန်ထမ်းများဝတ်စုံထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၆ ရက် နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမြင့်ဇော်က အမှာစကားပြောကြားပြီး ပညာသင်ထောက်ပံ့ကြေးငွေကျပ် ၁၅၈၀၀၀ ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမျိုးမြင့်ဇော်ကလည်းကောင်း၊ မိသားစုစည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်တင်မျိုးမျိုးက ဝန်ထမ်းများဝတ်စုံဖိုးငွေကျပ် ၁၄၈၆၀၀ကို ပေးအပ်ရာ ဝန်ထမ်းများကိုယ်စား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတင့်လွင်က လက်ခံရယူကြသည်။ **(အောက်ပုံ)** **(၁၅၈)**

ကျောင်းအပ်နှံရေးနေ့ ဖာပွန်မြို့၌ကျင်းပ စာအုပ်နှင့်စာရေးကိရိယာများလှူဒါန်း

ဖာပွန် ဇွန် ၅

ကရင်ပြည်နယ် ဖာပွန်မြို့နယ်၏ ၂၀၀၆–၂၀၀၇ခု ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ၂၅ရက် နံနက်၁၀နာရီက ဖာပွန်မြို့အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဇော်မိုးလွင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးစောသန်းထွန်းက ကျောင်းအပ်နှံရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

လက်ခံရယူ

ဆက်လက်၍ အလှူရှင်များက စာအုပ်များနှင့် ကျောင်းသုံးစာရေးကိရိယာများပေးအပ် လှူဒါန်းကြရာ မြို့နယ် ပညာရေးမှူးဦးစောသန်းထွန်းက လက်ခံရယူ ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

ပေါင်းတည်မြို့နယ်ချို(၁) ရပ်ကွက် မြို့နယ်ပြည်သူ့ ဆေးရုံရှေ့ လမ်း နှင့် လမ်း ၂၀ တို့ ကတ္တရာ လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နေမှုကို ဇွန် ၅ ရက်က အမှုဆောင် အရာရှိ ဦးသန်းဇော် ကွင်းဆင်း ကြည့်ရှုပြီး အငယ်တန်းအင်ဂျင်နီယာ(၂)(မြို့ပြ) ဦးဝင်းနိုင်ထွန်းက လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းတင်ပြစဉ်။ (၀၆၄)

ကျော့မှူးမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံ အမျိုးသမီးရေးရာအဖွဲ့ အလှူငွေပေးအပ်

ကျော့မှူး ဇွန် ၁၃

ကျော့မှူးမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၃၀ ရက် နံနက် ၁၀ နာရီက ကျော့မှူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

လက်ခံရယူ

အခမ်းအနားတွင် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရင်သိန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များက ချို့တဲ့သော ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာများ၊ ကျောင်းသုံး စာအုပ်များ၊ ကျောင်းဝတ်စုံများ အတွက် အလှူငွေကျပ်ငါးသောင်းကို မြို့နယ်ပညာရေးမှူးနှင့် ကျောင်းသားများက လက်ခံရယူကြသည်။ **(အပေါ်ပုံ)** **(က-ပ)**

မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရှေ့ရှုတောရရိပ်သာ မဟာရံအုတ်တံတိုင်းအတွက် ငွေလှူဒါန်းနိုင်

ရန်ကုန် ဇွန် ၁၆

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် သစ်ဆိပ်ကုန်းရပ် အမှတ်(၅)မေခလမ်း၌ ရက်ရှည်တရားအားထုတ်နိုင်ရန် တည်ထောင်ဆောက်လုပ်လျက်ရှိသော မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရှေ့ရှုတောရရိပ်သာတွင် သီတင်းသုံးဝါကပ်တော်မူမည့် ဆရာတော် ဘဒ္ဒန္တ သောဘန(ဓမ္မာစရိယ B.A)၏ ကျောင်းတွင် မဟာရံ အုတ်တံတိုင်းအတွက် အလှူရှင်များ လိုအပ်လျက်ရှိသည်။တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ တစ်ခန်းလျှင်ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ဆရာတော် ဖုန်း-၀၉-၅၁-၃၇၀၈၆၊ ၃၈၂၇၅၆၊ ဦးဌေးမြင့် ဖုန်း -၆၆၁၃၄၄၊ ဦးကျော်မင်း ဖုန်း-၆၆၁၅၅၃၊ ဦးမြင့်မောင် ဖုန်း-၇၂၆၅၀၄ နှင့် ဦးတင့်လွင် ဖုန်း-၀၉-၅၀ ၀၄၅၅၂၊ ၆၃၈၁၁၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ဘိုကလေး၌ ရေငန်ပုစွန်သားပေါက်များ မျိုးစိုက်ထည့်

ဘိုကလေး ဇွန် ၂

ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဘိုကလေးမြို့နယ် မိန်းမလှကျွန်းဘေးမဲ့တောရှိ မိန်းမလှကျွန်းပတ် သီးသန့်အင်းအတွင်းသို့ ရေငန်ပုစွန်သားပေါက်များ မျိုးစိုက်ထည့်ခြင်း အခမ်းအနားကို မေ ၂၆ရက်က မိန်းမလှကျွန်း ဒီရေတောအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်း၊ ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲထွင့်၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်း၊ ညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်း၊ ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးသန်းဦးဝေ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဦးငွေထွန်းဦး၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးအေးလွင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးသိန်းသန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်လူမှုရေးအသင်းအဖွဲ့များနှင့် အင်းသားများက ရေငန်ပုစွန် သားပေါက်ကောင်ရေ၁၀ သိန်းကို တပျော်တပါး မျိုးစိုက်ထည့်ပေးကြသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

သုံးခွမြို့တွင်း၌ ရေစီးရေလာကောင်းမွန်ရေးနှင့် သွေးလွန်တုပ်ကွေးရောဂါများ ကြိုတင်ကာကွယ်တားဆီးရေးအတွက် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ အနော်ရထာလမ်း ဘေးဝဲယာရှိ မြောင်းမကြီးတူးဖော်နေမှုကို ဇွန် ၆ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဌေး ဦးဆောင်၍ ဒုတိယဦးစီးမှူး ဒေါ်ခင်ခင်ဌေးနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်သီတာမြင့်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ် ပြန်/ဆက်)

ဇွန် ၈ရက်က မုဒုံမြို့ ဘိုးဘွားရိပ်သာတွင် ငွေပဒေသာပင် စိုက်ထူရန်အတွက် ဦးစံမွေး-ဒေါ်ခင်ကြည် မိသားစုတို့က ငွေကျပ်နှစ်သိန်းငါးသောင်း ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးလှသိန်းက လက်ခံယူစဉ်။

(မြို့နယ် ပြန်/ဆက်)

ပညာသင်ထောက်ပံ့ငွေလှူဒါန်း

ခင်ဦး ဇွန် ၁

ခင်ဦးမြို့နယ်အခြေခံပညာ အထက်တန်းကျောင်း သီရိရတနာခန်းမ၌ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၆ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် (၁) ဒုတိယရဲမှူးတင်မောင်သိန်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် ပညာရေးမှူး ဒေါ်မိုးသန်းက ကျောင်းအပ်နှံရေးနေ့အကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ကျောင်းနေအရွယ် ကလေးများ ပညာသင် ထောက်ပံ့အလှူငွေ ပေးအပ်ပွဲကို ကျင်းပရာပညာရေးဌာနက အလှူငွေကျပ် ငါးသောင်းကိုအထက်တန်းပြ ဆရာမ ဒေါ်ကြည်ကြည်ဝင်းက လည်းကောင်း၊ ဌာနဆိုင်ရာများက လှူဒါန်းငွေကျပ်ငါးသောင်းကို မြို့နယ်စာရင်းစစ်အရာရှိဦးတင်မောင်ဆွေက လည်းကောင်း ပေးအပ်ရာ မြို့နယ် ပညာရေးမှူး ဒေါ်မိုးသန်းကလက်ခံရယူသည်။ **(မြို့နယ် ပြန်/ဆက်)**

(၉၃)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဇွန် ၁၆

မော်တော်ယာဉ်လုပ်ငန်း ပေါင်းစုံထိန်းသိမ်းရေးကော်မတီ ရန်ကုန်တိုင်း (ဌာနခွဲ) (၃) ရှိ ယာဉ်လိုင်းအမှတ် (၂၀၇)လိုင်းမှ ယာဉ်မောင်း ဦးအောင်စိုးလူမှုထူးချွန်(တတိယဆင့်) **(အပေါ်ပုံ)** သည် ရန်ကုန်ပြည်သူ့ဆေးရုံ သွေးလှူဘဏ်တွင် ဇွန် ၆ ရက်က (၉၃)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

စာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

ကောလင်း ဇွန် ၁

စာအုပ်လှူဒါန်းပွဲနှင့် စာပေဟောပြောပွဲအခမ်းအနားကို မေ ၂၃ ရက်က ကောလင်းမြို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင် ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးဇော်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိန်မြင့်က စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရှေ့ခရီးစဉ်အကြောင်းကို လည်းကောင်း၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်းက သတင်းနှင့် မီဒီယာကို လည်းကောင်း ဟောပြောကြသည်။

လွှဲပြောင်းပေးအပ်

စာအုပ်လှူဒါန်းပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတရသစာအုပ် ၂၀၊ ဂျာနယ် ၁၃ စောင်၊ ခင်မို့မို့စာပေက သုတရသ စာအုပ်၅၅ အုပ်၊ ဂျာနယ် ၁၁၅ စောင်၊ ကြယ်စင်စာပေက သုတရသ စာအုပ် ၄၀၊ ဂျာနယ်အစောင် ၁၂၀၊ ကောလင်းမြို့ မြို့မရပ် ဦးတင်အောင်-ဒေါ်မြင့်မြင့်ဌေး (ရွှေကျီးသာစတိုး) က သုတရသ စာအုပ် ၄၀၊ ဂျာနယ်အစောင် ၁၀၀ တို့ကို လည်းကောင်း၊ ကိုနေ (ကောလင်း) က မျိုးချစ်ရန့်ဝတ္ထုတိုများကို လည်းကောင်း အလှူရှင်များကိုယ်စား ဦးမင်းချိုဦးက မြို့နယ်ရဲတပ်ဖွဲ့ဒုရဲအုပ်ဟုမ်းထန်းသို့ လွှဲပြောင်းပေးအပ်သည်။ **(၀၂၆)**

ကွန်ကရစ်တံတား

မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော အောင်မေတ္တာလမ်း (မြို့ပြ) ကွန်ကရစ် တံတားလုပ်ငန်းခွင်ကို မေ ၁၅ ရက်က အမှုဆောင်အရာရှိ ဦးဘုန်းမောင် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

မြစ်ကြီးနားမြို့ ရှမ်းစုမြောက်ရပ် ကွက် နှင့် ရှမ်းစု တောင်ရပ်ကွက် ချင်းဆက်လမ်း ဖြစ်သော သာသနာ့ဗိမာန် ရှေ့ ရှိ ဇော် ဂျွန်း လမ်းကို မေ ၁၃ ရက်က မြို့နယ် စည်ပင် သာ ယာ ရေးအဖွဲ့ဝန်ထမ်းများ ကတ္တရာ ထပ်ပိုးလွှာခင်းဆောင်ရွက်ရာသို့ အငယ်တန်းအင်ဂျင်နီယာ-၂ဒေါ်မော်မော်သိန်း ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

MCC ၏ International Diploma နှင့် အချိန်တိုအတွင်းလုပ်ငန်းခွင်ဝင်ရောက်နိုင်မည့်သင်တန်းများ

- IDCS (International Diploma in Computer Studies)
  သင်တန်းဖွင့်ရက် – ၁၇.၆.၂၀၀၆ / ၁၉.၆.၂၀၀၆
- IADCS (Int'l Advanced Diploma in Computer Studies)
  သင်တန်းဖွင့်ရက် – ၁၉.၆.၂၀၀၆
- BCIS (Bachelor of Computing and Information System)
  သင်တန်းဖွင့်ရက် – ၁၉.၆.၂၀၀၆

International Diploma သင်တန်းများအားလုံး သင်တန်းကြေး(25 %)Discount...(12-19) June'06 အတွင်းသာ

Junior Management Course

- ရုံးလုပ်ငန်းသုံးကွန်ပျူတာအခြေခံ
- စီးပွားရေးလုပ်ငန်းသုံးအင်္ဂလိပ်စာ
- ရုံးလုပ်ငန်းစီမံခန့်ခွဲမှု
- စာရင်းကိုင်ပညာ
- Internet, Email အသုံးပြုပုံ
- စီးပွားရေးနှင့် ကုန်သွယ်ရောင်းဝယ်ရေးဆိုင်ရာသုတစုံစသည့်ဘာသာရပ် (၆)မျိုးကို အခြေခံမှစ၍ သင်ကြားပို့ချပေးပါသည်။

သင်တန်းကာလ – (၁၀) ပတ်

သိမ်ကြီးဈေး(စီ)ရုံ၊ တတိယထပ်၊ ရွှေတိဂုံဘုရားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၃၈၂၈၈၁၊ ၂၄၅၇၅၈၊ ၂၄၅၅၆၂

အမည်ပြောင်းလဲခေါ်ပါရန်

အဖ ဦးစိုးကြည်၏သား ပညာရေး တက္ကသိုလ် လေ့ကျင့်ရေးကျောင်း Grade (9) (F) မှ မောင်ကောင်းထက်ဦးအား မောင်ကောင်းထက်စိုးဟု ပြောင်းလဲခေါ်ပါရန်။
မောင်ကောင်းထက်စိုး။

အမည်ဖြည့်စွက်ခြင်း

ဦးမောင်စိန်၏သား ဦးသန်းထွန်း ၁၄/ကလန(နိုင်) ၀၀၈၃၅၆ အား ယနေ့မှစ၍ ဦးသန်းထွန်း(ခ) ဦးသန်းထွန်းအောင်ဟု ခေါ်ပါရန်။
ဦးသန်းထွန်း(ခ)ဦးသန်းထွန်းအောင်။

ဂုဏ်ယူဝမ်းမြောက်ခြင်း

2006-JUN-17ရက်နေ့တွင် ဖွင့်လှစ်မည့် "သျှင်မင်းဝန်" ကြက်ဆီထမင်းနှင့် လက်ဖက်ရည်ကော်ဖီ၊ မုန့်မျိုးစုံစားသောက်ဆိုင် မြောက်ဥက္ကလာပခုံးကျော်တံတားအနီး ၂/ရပ်ကွက်–အုပ်ပိုဆိပ်လမ်း အမှတ်–၁၂၀၈၊ ဖုန်း–၆၆၆၄၇၄ သည် အောင်မြင်တိုးတက် ကြီးပွားချမ်းသာနိုင်ပါစေ။
ကျော်စတိုးမိသားစု (၁၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)

အိပ်မပျော်၊ စိတ်မပျော်၊ လူမလန်း၊ ဦးနှောက်အားနည်းမှုမျိုးစုံနှင့် ရောဂါမသိ ဆေးမရှိ၊ ရောဂါသိသိ ဆေးမရှိ ဖြစ်နေသူများအတွက်–
ပန်းဘဲတန်းသမဆေးခန်း (၂၈၉)ရွှေဘုံသာအလယ်လမ်းနှင့်
အေးမြန်မာဆေးခန်း (၇၉)သမိန်ဗရမ်းလမ်း၊ တာမွေပလာဇာရှေ့၊ ရန်ကုန်။
ဖုန်း– ၀၁ ၅၃၈၀၂၀။ (နွမ်းပါးသူ လုပ်အားအလှူ၊ နိုင်သမျှ ဆေးဝါးဒါန)။

FAME ဆယ်ပင်အားဆေး Completec®
0608Y 07554

သန်လျင် မဏ္ဍလာဓမ္မဗိမာန်တော် ဆိုင်းဘုတ်တင်

သန်လျင် ဇွန် ၁၄

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ကျိုက်ဒေးယျုံ မဏ္ဍလာရာမကျောင်းတိုက်အတွင်း တည်ဆောက်မည့် မဏ္ဍလာဓမ္မဗိမာန်တော် ဆိုင်းဘုတ်တင် မင်္ဂလာအခမ်းအနားကို ဇွန် ၁၀ ရက်က စာတိုက်ကုန်းလမ်းထိပ်၌ ကျင်းပသည်။

ပက်ဖျန်းပေး

ရှေးဦးစွာ မင်္ဂလာအချိန်တွင် ကျောင်းတိုက်ပဓာနနာယကဆရာတော် ဘဒ္ဒန္တဥတ္တရနှင့် အလှူရှင်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဥပသကာအဖွဲ့များ စုပေါင်း၍ မဏ္ဍလာဓမ္မဗိမာန်တော် ဆိုင်းဘုတ်ကို တင်ပေးကြပြီး (အပေါ်ပုံ) အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

လှူဒါန်းနိုင်

သန်လျင်မြို့ ကျိုက်ဒေးယျုံ မဏ္ဍလာရာမကျောင်းတိုက်အတွင်း တည်ဆောက်မည့် မဏ္ဍလာဓမ္မဗိမာန်တော်မှာ အလျားပေ ၈၀၊ အနံ ၃၈ ပေရှိပြီး ရပ်နီးရပ်ဝေးမှ အလှူရှင်များအနေဖြင့် တည်ဆောက်ရေးအကျိုးဆောင်အဖွဲ့ ဖုန်း–၀၅၆–၂၁၅၇၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မော်လမြိုင်ကျွန်းမြို့နယ် ရဲတပ်ဖွဲ့ဝင်သားသမီးများ ပညာသင်ထောက်ပံ့ကြေးနှင့် ဗလာစာအုပ်များပေးအပ်

မော်လမြိုင်ကျွန်း ဇွန် ၁၂

မော်လမြိုင်ကျွန်းမြို့နယ် ရဲတပ်ဖွဲ့၏ ၂၀၀၆–၂၀၀၇ခုနှစ် တပ်ဖွဲ့ဝင်သားသမီးများ ပညာသင်ထောက်ပံ့ခြင်းနှင့် ကျောင်းသုံးပစ္စည်းပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၃ရက် နံနက် ၁၀ နာရီက မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ ကျင်းပသည်။

ထောက်ပံ့ကြေးပေးအပ်

အခမ်းအနားတွင် မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းမြင့်က ရဲတပ်ဖွဲ့ဝင် သားသမီးများ ပညာသင်ထောက်ပံ့ရခြင်းနှင့်ပတ်သက်၍ အမှာစကား ပြောကြားပြီး တပ်ဖွဲ့ဝင်သားသမီး ၁၂၈ ဦးတို့အား ပညာသင်ထောက်ပံ့ကြေးငွေ ကျပ် ၂၀၄၀၀၀ နှင့် ကျောင်းသုံးဗလာစာအုပ် ၃၆၈ အုပ်တို့အား ရဲစခန်းနယ်မြေအလိုက် ရဲစခန်းမှူးများနှင့် တပ်ဖွဲ့ဝင်သားသမီးများအား မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းမြင့်က ထောက်ပံ့ကြေးငွေ ပေးအပ်သည်။

(ယာပုံ) (၀၉၇)

ထန်းတပင်တွင် ပညာသင်ထောက်ပံ့ကြေးငွေပေးအပ်

ထန်းတပင် ဇွန် ၁၂

ထန်းတပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ၂၀၀၆–၂၀၀၇ ခုနှစ် ပညာသင်ထောက်ပံ့ကြေးငွေပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၉ ရက် မွန်းလွဲပိုင်းက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

လက်ခံယူ

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးသာချိုအောင်က ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးငွေပေးအပ်ရာ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူးဦးမောင်မောင်က လက်ခံယူသည်။**(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မြို့နယ်သတင်းများ

သွေးလွန်တုပ်ကွေးရောဂါ သိကောင်းစရာများ ရှင်းလင်းဆွေးနွေး

ရေဦး ဇွန် ၈

ရေဦးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော အမျိုးသမီးရေးရာ စကားဝိုင်းဆွေးနွေးပွဲကို ဇွန် ၄ ရက် နံနက် ၁၀ နာရီက ရေဦးမြို့ အောင်ဆန်းရပ်ကွက် အခြေခံပညာ မူလတန်းကျောင်းတွင် ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညိုညိုလွင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ဖြူဖြူက လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ဥပဒေများအကြောင်းကိုလည်းကောင်း၊ မြို့နယ်ဆရာဝန် ဒေါက်တာညွန့်သန်းက သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအမှုဆောင် ဒေါ်သန်းငွေက ဝမ်းလျှောဝမ်းပျက်အကြောင်းကိုလည်းကောင်း ဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

မိုးကြိုဂုန်လျှော်/ချဉ်ပေါင်လျှော် စိုက်ပျိုးရေးနှိုးဆော်ချက်

၁။ စိုက်ပျိုးရာသီအမီ စိုက်ပျိုးပါ။ မိုးကြိုဂုန်လျှော်ကို ဖေဖော်ဝါရီလ လယ်မှဧပြီလကုန်အထိလည်းကောင်း၊ မိုးကြိုချဉ်ပေါင်လျှော်ကို ဧပြီလဆန်းမှ မေလလယ် အထိလည်းကောင်း အပြီးစိုက်ပျိုးပါ။
၂။ ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက်ရအောင် ဆောင်ရွက်ပါ။
၃။ မြေခံမြေဩဇာကို မဖြစ်မနေထည့်သွင်းသုံးစွဲပါ။ မြေခံ မြေဩဇာအဖြစ် တစ်ဧကလျှင် သဘာဝမြေဩဇာ လှည်းငါးစီးမှ ၁၀စီးအထိလည်းကောင်း၊ ယူရီးယား ဓာတ်မြေဩဇာ အနည်းဆုံး ၂၅ကီလိုနှင့် ပိုတက်ရှ် မြေဩဇာ ၁၂ဒသမ၅ကီလို ထည့်သွင်းသုံးစွဲပါ။
၄။ စိုက်ပျိုးရေပြည့်ပြည့်ဝဝ တင်သွင်းပါ။ ရေတင်သွင်းရာတွင် အောက်ရေဆက်သည်အထိ ပြည့်ပြည့်ဝဝ တင်သွင်းပါ။
၅။ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးပါ။ အပင်ပေါက် ရာခိုင်နှုန်း ၈၀နှင့်အထက်ရှိသော မျိုးများကို ဂုန်လျှော် တစ်ဧကလျှင် မျိုးစေ့နှစ်ပြည်နှုန်း၊ ချဉ်ပေါင်လျှော် တစ်ဧကလျှင် မျိုးစေ့ လေးပြည်နှုန်းသုံးစွဲပါ။
၆။ အစိုဓာတ်အချိန်မီအောင် စိုက်ပျိုးပါ။ မျိုးစေ့ချစိုက်ပျိုး ရန်အတွက် မြေအစိုဓာတ်သင့်တင့်ချိန်တွင် စိုက်ထွန်ရေး ဖွင့်ထွန်ယက်၍ စိုက်ပျိုးပြီး ကြမ်းဖုံးပါ။
၇။ ပိုးမွှားအန္တရာယ် ကာကွယ်နှိမ်နင်းပါ။ ပုရစ်အန္တရာယ်မှ ကင်းစေရန် စိုက်ခင်းအနီးရှိအမှိုက်သရိုက်များကို မီးရှို့ဖျက်ဆီးပါ။ ပုရစ်ကျရောက်မည့် အန္တရာယ်ရှိပါက မှားစာ အဆိပ်တုံးပြုလုပ်၍ စိုက်ခင်းပတ်ပတ်လည်နှင့် ကွင်းအတွင်းတွင် ချထားပါ။
၈။ နည်းပညာနှင့်အကူအညီရယူလိုပါက နီးစပ်ရာ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း ဒေသရုံးများနှင့် ဆက်သွယ် အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

မိသားစုကျန်းမာရေး စောင့်ရှောက်မှုသင်တန်းဖွင့်

ပင်လည်ဘူး ဇွန် ၁

ပင်လည်ဘူးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း ဖွင့်လှစ်သော အိမ်ရှင်မများသို့ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် မိသားစုကျန်းမာရေးစောင့်ရှောက်မှုသင်တန်း (၁/၂၀၀၆) ဖွင့်ပွဲကို မေ ၁၄ ရက် နံနက်၉နာရီက အခြေခံပညာ အထက်တန်းကျောင်း အောင်မြတ်ခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

ဇွန် ၈ ရက်က ဦးကျော်ဖုံ(ခ) ဦးကီးအား ရည်စူး၍ မော်လမြိုင်မြို့နေ ဒေါ်ကျင်ထွေးနှင့် မိသားစုများက မော်လမြိုင်မြို့ စေတနာ နာရေးကူညီမှုအသင်းအတွက် ငွေကျပ်တစ်သိန်းနှစ်သောင်းတန် ရေအေးသောက်ရေသန့်စက်ကိုလှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးကျော်ဇင်က လက်ခံယူစဉ်။(၁၆၈)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မင်းဘူးခရိုင်အတွင်း စီမံကိန်းလုပ်ငန်းများကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၆

မကွေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ နှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇွန် ၁၄ရက် နံနက် ၈နာရီ ၄၅မိနစ်တွင် မင်းဘူးမြို့နယ် မန်းရွှေစက်တော်ဘုရားကြီး၏ အထက်စက်တော်ရာသို့သွားရောက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်တို့က အထက်စက်တော်ရာဘုရားကြီးအား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတို့ဖြင့် ပူဇော်ကန်တော့ကြကာ အလှူငွေများကို ပေးအပ်လှူဒါန်းကြပြီး အထက်စက်တော်ရာ၏ ယခင်ကမြေထိန်းနံရံတွင် ကျောက်အင်္ဂတေဖြင့်ကာရံထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **စာမျက်နှာ ၃ ကော်လံ ၁** ●

မှန်းချောင်းတံတား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ပွင့်ဖြူမြို့နယ် မုန်းချောင်းတံတား တည်ဆောက်ပြီးစီးနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး
- ✱ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✱ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်က ရသင့်ရထိုက်သော အခွန်အရပ်ရပ် မှန်မှန်ကန်ကန်ရရှိအောင် ဆောင်ရွက် ကုန်စည်စီးဆင်းမှုမြန်ဆန်ရေး စေတနာထားလုပ်ကိုင်

နေပြည်တော် ဇွန် ၁၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဇွန် ၁၃ ရက် နံနက်ပိုင်း ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် လားရှိုး–သိန်းနီ–မူဆယ် လမ်း မန်မော်ကျေးရွာအနီးရှိ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ဘိန်းအစားထိုးသီးနှံ ပြောင်းစိုက်ပျိုးရေးနှင့် ပျားမွေးမြူရေးစခန်းသို့ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ စခန်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးနေလင်းအောင်က စိုက်ပျိုးရေးစခန်း၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားရာ တိုင်းမှူးဗိုလ်မှူးချုပ်အောင်သန်းထွဋ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထုတ်လုပ်ဖြန့်ဖြူး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အကျိုးပိုမိုဖြစ်ထွန်းမည့် ပြောင်းနှင့် ကြံအထွက်ကောင်းမျိုး ထုတ်လုပ်ခြင်းကို စနစ်တကျဆောင်ရွက်၍ အကျိုးအမြတ်ရရှိမှု အခြေအနေများကို စနစ်တကျ စာရင်းဇယားပြုစုထားရှိရေး၊ **စာမျက်နှာ ၇ ကော်လံ ၁** ■

မြေလွတ်မြေရိုင်းများနှင့် ကုန်းမြင့်လယ်ယာမြေများဖော်ထုတ် မိုးစပါးနှင့်နွေစပါး လျာထားချက်ပြည့်မီကျော်လွန်အောင်စိုက်ပျိုး ဒေသဖွံ့ဖြိုးတိုးတက်ရေး တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဇွန် ၁၆

ရခိုင်ပြည်နယ် စစ်တွေမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်း၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များလိုက်ပါလျက် ဇွန်၁၂ရက် နံနက်ပိုင်းတွင် မလိခ အမြန်ရေယာဉ်ဖြင့် မောင်တောခရိုင် ဘူးသီးတောင်မြို့သို့ နံနက်၁၁နာရီတွင် ရောက်ရှိပြီး ဘူးသီးတောင်နှင့် မောင်တောကားလမ်း၏ မိုင်တိုင် ၈/၀ ရှိ ၁၉၁၈ခုနှစ်က Martin ကုမ္ပဏီက တည်ဆောက်ခဲ့သည့် အလျား၆၅၈ပေ၊ အကျယ် ၁၅ပေနှင့် အမြင့်၁၂ပေရှိ လိုဏ်ဂူကြီး၏ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုဏ်ဂူကြီးအပေါ်၌ ရေမဝပ်ရေးနှင့် အစဉ်ကြံ့ခိုင်မှုရှိစေရန် မျက်ခြည်မပြတ် မွမ်းမံဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။ **စာမျက်နှာ ၈ ကော်လံ ၁** ✱

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အာဂျင်တီးနားနှင့် ဆားဗီးယားပွဲတွင် အာဂျင်တီးနားအသင်းအတွက် ပထမဂိုးသွင်းယူပြီးနောက် ရိုဒရီဂွက်ဇ် (၁၈)နှင့် ကစားဖော် ဂွန်ဇာလက်တို့ ဤသို့အောင်ပွဲခံ ပျော်မြူးခဲ့ကြသည်။ (သတင်းအကျယ် စာ–၈) (ဓာတ်ပုံ–အင်တာနက်)